ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (28-9-2010) (၆၅၃၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက် စုံ ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ် ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး နှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖျာပုံမြို့ ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီးရှိ မျက်စိကုသဆောင်၌ မျက်စိဝေဒနာရှင်များအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးအတွင်း အဟောင်းအဟောင်းများ၏နေရာတွင် အသစ်အသစ်များဖြစ်ပေါ်လာ မြေအုတ်တို့ ပြိုပျက်သွားသည့်နေရာတွင် ကျောက်စိုင်ကျောက်အုတ်တို့ဖြင့် အခိုင်အခံ့ တည်ဆောက်ပြီးဖြစ် နာဂစ်ကို အောင်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် စည်းလုံးညီညွတ်သောစွမ်းအားကြောင့်ဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖျာပုံမြို့ ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီးဖွင့်ပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် ဖျာပုံမြို့ ခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီးရှိ ဆေးရုံအဆောက်အအုံသစ်မျက်နှာစာ၌ ကျင်းပသည့် အဆိုပါ ခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခုတင်(၂၀၀)တိုးချဲ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ အလှူရှင် မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ◆**

ဖျာပုံမြို့ ခုတင် (၂၀၀) တိုးချဲ့ ဆေးရုံကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

၂၈-၉-၂၀၁၀
(အင်္ဂါနေ့)

စာပေသင်ကြား လိမ္မာရေးခြားရှိအောင် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာရေးတွင် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားဖြစ်သည်။ အမျိုးသားပညာရည်မြင့်မားစေရေး နှစ်ရှည် နှစ်တိုစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

အခြေခံပညာကဏ္ဍ၌ ကျောင်းများကို အဆင့်တိုးမြှင့်ပေးနေသည်။ မူလတန်းလွန်ကျောင်းများနှင့် ဆရာ၊ ဆရာမများ တိုးတက်ခန့်အပ်ပေးနိုင်သည့်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း အလွယ်တကူ ပညာသင်ယူနိုင်ကြပြီ။ အလားတူ အဆင့်မြင့်ပညာကဏ္ဍ၌လည်း ဒေသအလိုက် အဆင့်မြင့်ပညာရပ်များ ဒေသတွင်း၌ပင် ဆည်းပူးလေ့လာနိုင်ရေး ဖော်ဆောင်ပေးလျက်ရှိသည်။ ပညာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ခေတ်မီနည်းပညာရပ်များဖြင့် အသုံးပြုနိုင်ကြပြီဖြစ်သည်။

အခြေခံပညာ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူလူငယ်များအား အဓိကပြုစုပျိုးထောင်ပေးနေသူများဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် အထူးမွမ်းမံသင်တန်းများ တက်ရောက်လျက်ရှိရာ နိုင်ငံ၏သမိုင်းကြောင်းအခြေခံ၊ ရှေ့အနာဂတ်အလားအလာများနှင့် အမျိုးသားရေး မျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ လေ့လာသိမြင်နေကြပြီဖြစ်သည်။

ဆရာ၊ ဆရာမများအနေဖြင့် တပည့်ကျောင်းသား၊ ကျောင်းသူများကို စာပေသင်ကြားပေးရုံမျှမက လိမ္မာရေးခြားရှိပြီး အောင်မြင်တိုးတက်မှုများ ရရှိသည်အထိ လမ်းမှန်ညွှန်ပြပေးကြရမည်ဖြစ်သည်။ လူငယ်၊ လူရွယ်များအား စာပေပညာများ ထူးချွန်ထက်မြက်အောင် သင်ကြားပေးကြရပေမည်။ အတွေးအမြင် စိတ်ဓာတ်နှင့် အမူအကျင့်၊ အလေ့အထကောင်းများ ရရှိနေစေရေး လေ့ကျင့်ပေးကြရမည်ဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဆရာဟူသည့် ဂုဏ်ဒြပ်သည် ကြည်ညိုလေးစားဖွယ်၊ ဂုဏ်ပြုပူဇော်ဖွယ်စသည့် ဂုဏ်ရည်များ ပြည့်ဝနေပြီးဖြစ်သည်။ ပညာကိုအလေးအမြတ်ထားသည့် မြန်မာ့လူ့ဘောင်တွင် ဆရာ၊ ဆရာမများအနေဖြင့် တပည့်များအား စေတနာကောင်း၊ စိတ်ဓာတ်ကောင်း အပြည့်အဝထား၍ အသိပညာ၊ အတတ်ပညာ၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့် တရားဥပဒေများ လေးစားလိုက်နာတတ်ရေး လေ့ကျင့်ပျိုးထောင်ပေးကြရပေမည်။

ယနေ့အချိန်အခါတွင် ပညာရေးကို မဏ္ဍိုင်ပြုပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိရာ ဆရာ၊ ဆရာမများအားလုံးက မျိုးဆက်သစ်လူငယ်များအား သမိုင်းအစဉ်အလာနှင့်အညီ ကောင်းသောအမွေခံ ပတ်ဝန်းကျင်ကို ထိန်းသိမ်းသွားနိုင်ရေး စနစ်တကျပြုစုပျိုးထောင်ပေးခြင်းဖြင့် မြန်မာ့လူ့အဖွဲ့အစည်း လူနေမှုဘဝမြင့်မားအောင် စွမ်းဆောင်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

Konica ချောစု၏ ဝါကျွတ်ပွဲတော် အထူးအစီအစဉ်

ရန်ကုန် စက်တင်ဘာ ၂၇

ဆူးလေဘုရားလမ်း အမှတ်(၁၃၄)ရှိ Konica ချောစု Wedding Dress & Photo Studio တွင် ဝါကျွတ်လက်ထပ်ကြမည့် မင်္ဂလာမောင်မယ်များအတွက် ဝါကျွတ်ပွဲတော်အထူး Promotion အနေဖြင့် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၅ ရက်အတွင်း မိတ်ကပ်၊ ဓာတ်ပုံ၊ ဗီဒီယို၊ ပွဲတက်မင်္ဂလာဝတ်စုံနှင့် မင်္ဂလာကားအလှဆင်မှုအစ All Service ကြိုတင်အလုပ်အပ်လျှင် ပထမဦးဆုံးအလုပ်အပ်သည့် မင်္ဂလာမောင်နှံ ၁၀ စုံတွဲအတွက် မင်္ဂလာအခမ်းအနားမှတ်တမ်းတင် ဗီဒီယိုတစ်ခွေစီ မေတ္တာလက်ဆောင် ရိုက်ကူးပေးမည်ဖြစ်သည်။

ဒုတိယ မင်္ဂလာမောင်နှံ ၁၀ စုံတွဲအတွက် ၂ပေ×၃ပေ အရွယ် မင်္ဂလာဓာတ်ပုံကြီးတစ်ပုံစီ မေတ္တာလက်ဆောင်ရိုက်ကူးပေးပြီး တတိယမင်္ဂလာမောင်နှံ ၁၀စုံတွဲအတွက် မင်္ဂလာအခမ်းအနား မှတ်တမ်းတင်ဓာတ်ပုံ ပုံ ၁၂၀ ကို မေတ္တာလက်ဆောင် ရိုက်ကူးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Konica ချောစု Wedding Dress & Photo Studio နှင့် ဆက်သွယ်ဆောင်ရွက်လိုပါလျှင် ဆူးလေဘုရားလမ်း အမှတ် (၁၃၄) ရန်ကုန်တိုင်းဒေသကြီး မီးသတ်ရှေ့ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၆၂၅၁သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆူးလေဘုရားလမ်း အမှတ် (၁၃၄) ၌ Konica ချောစု Wedding Dress & Photo Studio ဆိုင် ဖွင့်လှစ်ထားစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မုဒုံမြို့နယ်အသင်း(ရန်ကုန်)က တည်ဆောက်လှူဒါန်းသည့် လောကဝိဒူဓမ္မာရုံ(မွန်ပြည်နယ်) ဖွင့်ပွဲ တက်ရောက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မုဒုံမြို့နယ်အသင်း(ရန်ကုန်)က တည်ဆောက်လှူဒါန်းသည့် လောကဝိဒူဓမ္မာရုံ (မွန်ပြည်နယ်) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော် ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ် စေတီတော်(ရန်ကုန်) ပရိဝုဏ်၌ ကျင်းပသည့် မုဒုံမြို့နယ်အသင်း (ရန်ကုန်)က တည်ဆောက်လှူဒါန်းသော လောကဝိဒူဓမ္မာရုံ (မွန်ပြည်နယ်) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းက လောကဝိဒူဓမ္မာရုံ (မွန်ပြည်နယ်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေက လောကဝိဒူဓမ္မာရုံ(မွန်ပြည်နယ်) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ မုဒုံမြို့နယ်အသင်း (ရန်ကုန်) ဂုဏ်ထူးဆောင်နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်တို့နှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး၊ မုဒုံမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ထူးဆောင်နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အသင်းနာယကနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုချီးမြှင့်လွှာများ ပေးအပ်ခဲ့ကြကြောင်းသိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အဆင့်မြင့်ပညာဦးစီးဌာနများ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာရေးကောလိပ်များ သင်ထောက်ကူပြိုင်ပွဲသို့ တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၂၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများ သုတေသနဆုရွေးချယ်ရေး စာတမ်းဖတ်ပွဲသို့ တက်ရောက် အားပေးသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦးနှင့်အဖွဲ့ဝင်များ၊ အဆင့်မြင့်ပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသူများ၊ စာတမ်းရှင်များတက်ရောက်ကြပြီး စာတမ်းရှင်များက သိပ္ပံဘာသာရပ်ဆိုင်ရာ စာတမ်းခြောက်ခု၊ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်းခြောက်ခု တို့ကို ဖတ်ကြားကြသည်။

ရွေးချယ်ချီးမြှင့်

အဆိုပါစာတမ်းဖတ်ပွဲသည် တက္ကသိုလ်အလိုက်၊ ဦးစီးဌာနအလိုက် ပဏာမရွေးချယ်ထားသော အကောင်းဆုံးသုတေသနပြုမှုများကို စာတမ်းဖတ်ပွဲကျင်းပ၍ ဝန်ကြီးဌာနအဆင့် အကောင်းဆုံးသုတေသနဆု ရွေးချယ်သော စာတမ်းဖတ်ပွဲဖြစ်ပြီး ဝန်ကြီးဌာနအဆင့် ပထမ၊ ဒုတိယနှင့် တတိယဆုများ ရွေးချယ်ချီးမြှင့်မည် ဖြစ်သည်။

အလားတူ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်ရိုးဌာနခွဲ၌ စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပသော ၂၀၁၀ ခုနှစ် ပညာရေးကောလိပ်များ သင်ထောက်ကူပြိုင်ပွဲသို့ ရောက်ရှိပြီး ပြိုင်ပွဲဝင် ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ပညာရေးကောလိပ်အလိုက် သင်ထောက်ကူပစ္စည်း တီထွင်ပြုလုပ်မှု အကောင်းဆုံး ဆုရရှိသူများအား ဦးစီးဌာနအဆင့် အကောင်းဆုံး ပထမ၊ ဒုတိယနှင့် တတိယဆုများ ရွေးချယ်ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးကောလိပ်များ သင်ထောက်ကူပြိုင်ပွဲတွင် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (ပညာရေး)

(၁၈)ကြိမ်မြောက် ခွဲစိတ်ကုဆရာဝန်များ ညီလာခံရက်ပြောင်းရွှေ့ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ခွဲစိတ်ကုဆရာဝန်များအဖွဲ့မှ (၁၈)ကြိမ်မြောက် ခွဲစိတ်ကုဆရာဝန်များညီလာခံကို နိုဝင်ဘာ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်များအစား ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်များသို့ ပြောင်းရွှေ့၍ ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါညီလာခံသို့ ခွဲစိတ်ကုဆရာဝန်များနှင့် စိတ်ပါဝင်စားသောဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ကျိုင်းတုံမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　စက်တင်ဘာ　၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၄ရက်တွင် မိုင်းဖြတ်တပ်နယ်၌ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့မိသားစုဝင်များအား တွေ့ဆုံပြီး ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။

ဗိုလ်ချုပ်အောင်သန်းထွဋ်သည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂၅ ရက်တွင် မိုင်းခွန်တပ်နယ်ခန်းမ၌ တပ်နယ်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်ရှိ ရော်ဘာနှင့် စပါးစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ကျိုင်းတုံတပ်နယ် တပ်မတော်ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား အားပေးစကား ပြောကြား၍ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ကျိုင်းတုံမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုကြည့်ရှုပြီး ကျိုင်းတုံလေဆိပ်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ၏ လေယာဉ်ကွင်း အဆင့်မြှင့်တင်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး ဦးယုဝေအား ရည်စူး၍ ကံ့ကော်မြိုင်လမ်းသွယ် (၂၃)ရပ်ကွက် သုဝဏ္ဏ သယ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်ကြင်တင့် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ခြောက်ထပ်ဆေးရုံသစ်ကြီး ဆောက်လုပ်ရာ၌ အသုံးပြုရန် အလှူငွေကျပ်ရှစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန်　စက်တင်ဘာ　၂၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၃၆) ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်)Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌“အဆင့်မြင့်တည်ဆောက်မည့် မြကျွန်းသာတွင် မြန်မာ့ ပထမဆုံးရေပေါ်ဂေါက်ကွင်းပါရှိမည်၊ တစ်နှစ်လျှင် အစီးရေ ၁၄၀၀၀ ခန့် ထုတ်လုပ်နိုင်သည့် အဆင့်မြင့်ကားစက်ရုံ ရွှေပြည်သာစက်မှုဇုန်၌ ဖွင့်လှစ်၊ ပါရမီကွန်ဒို၊ ပန်းလှိုင်အိမ်ရာနှင့် FMI City တို့အတွက် FTTX စနစ် စတင်လျှောက်ထားနိုင်၊ ငွေဆောင်တွင် လေယာဉ်ကွင်းဆောက်ရန် တိုင်းတာမှုများစတင်၊ ချစ်သူများကျွန်း၌ စားသောက်ဆိုင်တည်ဆောက်ရန်ဆောင်ရွက်၊ ဒေသဆိုင်ရာ အင်တာနက်ဝန်ဆောင်မှုများကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်ပေးမည်၊ ငွေသွင်း ငွေထုတ်ပြုလုပ်လိုသူများအား ကားဖြင့်အခမဲ့ကြိုပို့ပေးမည်၊ နယ်မှဟိုတယ်ဇုန်များ၌ ကြိုးမဲ့အင်တာနက်ဆက်သွယ်မှုများ ရရှိလာ၊ အင်္ဂလန်သို့ ဘောလုံးပွဲသွားကြည့်လိုသူများအတွက် ခရီးစဉ်များသီးသန့်ရောင်းချ၊ တရုတ်က မြန်မာကို ဒေါ်လာသန်း ၄၂၀၀ အတိုးမဲ့ချေးရန်သဘောတူ၊ အရက်ချက်စက်ရုံများ၏ ရေဆိုးများမှ လျှပ်စစ်ဓာတ်အားထုတ်ယူရေး စည်းရုံးဆောင်ရွက်မည်၊ ကမ်းရိုးတန်းဖုန်းများ လိုင်းဆွဲအားမကောင်းပါက အဆင့်မြှင့်တင်နိုင်၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုကြီးများ အွန်လိုင်းမှတစ်ဆင့်ဆောင်ရွက်လာဖွယ်ရှိ၊ အင်္ဂလန်နိုင်ငံ ဗီဇာအမျိုးအစားအားလုံး၏ နှုန်းထားများ တိုးမြှင့်မည်၊ ငွေဆောင်ကမ်းခြေတွင် ဟိုတယ်သစ်တစ်လုံး ထပ်မံဖွင့်လှစ်မည်၊ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကြောင့် မြေပြင်မှ အမြင့်ပေ ၁၃၀၀၀ တွင် မိန်းကလေးအချင်းချင်းသတ်ဖြတ်မှုကို ရုံးတင်စစ်ဆေး၊ ဟိန္ဒူပွဲတော်၌ ဧရာမရုပ်တုပေါင်း ၅၀၀၀၀ ကို ရေသို့ချ၊ ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်ခံရသော နီပေါလူပုလေးနှင့် နီပေါအလှမယ်များတွေ့ဆုံ၊ ဦးချို ၂၅ ခုပါရှိသော ဒိုင်နိုဆောရုပ်ကြွင်း တူးဖော်တွေ့ရှိ၊ တောင်ပံခတ်၍ ပျံသန်းနိုင်သော ပထမဆုံးလေယာဉ် တီထွင်၊ အိန္ဒိယတွင် ကုန်တင်ရထားကဝင်တိုက်၍ ဆင်ခုနစ်ကောင်သေဆုံး၊ ငါးနှစ်လုံးလုံး မရပ်မနားပျံသန်းနိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး သူလျှိုလေယာဉ်ပေါ်ထွက်လာတော့မည်၊ အထူးတီထွင်လိုက်သည့် လှောင်အိမ်ဖြင့် မြေအောက်မှ မိုင်းတွင်းလုပ်သားများကို စောစီးစွာ ကယ်တင်နိုင်တော့မည်၊ မုဒိမ်းမှုကို တားဆီးနိုင်ခဲ့သည့် ခွေးအား ရဲစွမ်းသတ္တိဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်” စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း မြိတ်မြို့ ကန်သာယာကျေးရွာရှိ ဒေသခံတောင်သူတစ်ဦး၏ မိုးစပါးစိုက်ခင်းများ၌ စုပေါင်းမြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း မြိတ်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　စက်တင်ဘာ　၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ပရဝဏ်အတွင်း၌ ကျင်းပသော သီးသန့်လူနာဆောင်သစ် မင်္ဂလာပန္နက်တင်အခမ်းအနားသို့ တက်ရောက်ပြီး ပန္နက်တင်ပေးသည်။

ထို့နောက် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံရာဆေးရုံအုပ်ကြီးက ဒေသရှိပြည်သူများ၏ ကျန်းမာရေးအခြေအနေနှင့် ကုသမှုအခြေအနေ၊ ဆေးရုံလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်အလှူရှင်များက သီးသန့်လူနာဆောင်သစ်အတွက် အလှူငွေများကိုပေးအပ်လှူဒါန်းကြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ထူးထူးတိုး အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်၌ ဥစားကြက်များမွေးမြူထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြိတ်တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလှူရှင်များက တပ်နယ်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗိုလ်ချုပ်သက်နိုင်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် မြိတ်မြို့ရှိ တပ်နယ်များကိုလည်းကောင်း၊ မြိတ်မြို့တွင်းလမ်းများ ကြံခိုင်ကောင်းမွန်မှုအခြေအနေနှင့် လမ်းဘေး ဝဲ၊ ယာရှိ ရော်ဘာ၊ ဆီအုန်းနှင့် မိုးစပါးစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ် (မြိတ်) စာသင်ဆောင်သစ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးက ကွန်ပျူတာဘာသာရပ်များနှင့် အခြားဘာသာရပ်များ သင်ကြားပို့ချနေမှုအခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးတာဝန်ခံက စာသင်ဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်း အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့သည် စာသင်ဆောင်သစ် ဆောက်လုပ်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြိတ်မြို့ ကန်သာယာကျေးရွာသို့ ရောက်ရှိပြီး ပြသထားသော စပါးမျိုးနမူနာများ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးနမူနာများကိုလည်းကောင်း၊ ဒေသခံတောင်သူတစ်ဦး၏ မိုးစပါးစိုက်ခင်းများ၌ စုပေါင်းမြေသြဇာကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယင်းနောက် မြိတ်-ကန်သာယာ လမ်းပိုင်းကြံ့ခိုင်ကောင်းမွန်မှုအခြေအနေ၊ လမ်းဘေး ဝဲ၊ယာရှိ ရော်ဘာ၊ ဆီအုန်း၊ မိုးစပါးစိုက်ခင်းများနှင့် နယ်မြေခံတပ်ရင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် MRTV-4(Free To Air) ရုပ်သံလိုင်းကို UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပြီ

နေပြည်တော်　စက်တင်ဘာ　၂၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4(Free To Air) ရုပ်သံလိုင်းကို တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိရာ ယခုအခါ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် 1 kW UHF Analog Transmitter ဖြင့် UHF Channel (J-16)မှ ထုတ်လွှင့်ပေးလျက်ရှိသည်။

သို့ဖြစ်၍ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်ရှိ ပြည်သူလူထုအနေဖြင့် MRTV-4 (Free To Air) ရုပ်သံလိုင်းကို စက်တင်ဘာ၂၈ရက်မှစတင်ပြီး UHF တီဗွီအင်တင်နာကို အသုံးပြု၍ ရုပ်သံကြည်လင်စွာ အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးနေ ဒေါက်တာတင်ထွန်းဦး - ဒေါက်တာခင်မိုးမိုး (သုတစွယ်စုံ စာအုပ်တိုက်၊ စွယ်စုံမီဒီယာ) တို့က ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ထံ စက်တင်ဘာ ၂၄ ရက်က ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရမည်းသင်းဘိုးဘွားရိပ်သာ နှစ်ပတ်လည်နေ့နှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာ ပထမအကြိမ် နှစ်ပတ်လည်နေ့နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက်တွင် ရိပ်သာရွှေနှင်းဆီခမ္မာရုံ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးရွှေက နှစ်ပတ်လည်နေ့ကျင်းပရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး ဘိုးဘွား ၁၃ ဦးတို့အား ကန်တော့ကြကာ ဝန်ထမ်းလေးဦးအား အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဆရာမ ဒေါ်ခင်စန်းနုနှင့် အဖွဲ့က အဝိစိတွင်းအတွက် အလှူငွေကျပ် ၂၉ သိန်း၊ ရွှေသန့်စင်လုပ်ငန်း (ရွှေကံကောင်းကုမ္ပဏီ)မှ ဦးမောင်မောင်၊ ညီ ဦးကျော်မောင်က ငွေကျပ်သုံးသိန်း၊ ဆရာမ ဒေါ်ခင်သိန်း (ပန်းထိမ်ရပ်) က စောင်၊ ခြင်ထောင်၊ အိပ်ရာအစုံ ၂၀ အတွက် ငွေကျပ် ၂၂၀၀၀၀၊ ဦးတင်အောင်-ဒေါ်အမာရီမိသားစု၊ ဦးညွန့်လွင်-(ဒေါ်ခင်ပု) မိသားစု၊ ဦးအောင်ဇော်ဦး-ဒေါ်ဇင်မိမိထွန်း (စံချိန်ရောင်းဝယ်ရေး)နှင့် ဦးအောင်မြင့် အနေးယာဉ်လုပ်သားများက လှူဒါန်းငွေ ကျပ်တစ်သိန်းစီနှင့် ဦးထွန်းဝေ-ဒေါ်ငြိမ်း (ရွှေစူဝံ သတ္တုတူးဖော်ရေးကုမ္ပဏီ)မှ ငွေကျပ်၂၃၀၀၀၀တန် ရေခဲသေတ္တာတစ်လုံး တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မိုင်းရှူး၌ မီးဘေးလုံခြုံရေးဆောင်ရွက်

မိုင်းရှူး　စက်တင်ဘာ　၂၇

မိုင်းရှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ဈေးဆိုင်ခန်းပိုင်ရှင်များအား မီးသတ်ဆေးဘူးသုံးစွဲရန် သရုပ်ပြခြင်းကို ပြည်နယ်မီးသတ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဖေ၊ ဈေးများလုံခြုံမှု စစ်ဆေးရေးအဖွဲ့ဝင်များ၊ ဈေးမိဈေးဖများနှင့် အမှုဆောင်အရာရှိ ဦးအောင်စည်တို့က စက်တင်ဘာ ၁၇ ရက်တွင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ကယန်းအမျိုးသားပါတီက
၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၇

ကယန်းအမျိုးသားပါတီ ဘဏ္ဍာရေးမှူး ဦးကလိမင်းနိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများခင်ဗျား-

ယခုလာမည့် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ရက်နေ့မှာ နိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပပေးမယ့် လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ ကျွန်တော်တို့ ကယန်းအမျိုးသားပါတီက ပြည်နယ် (၃)ပြည်နယ် အတွင်းရှိ မြို့နယ် (၄)မြို့နယ်မှာ ပါတီကိုယ်စားလှယ်ပေါင်း (၁၃)ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမှာ ဖြစ်ပါတယ်။

ပြည်နယ် (၃)ပြည်နယ်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဖယ်ခုံမြို့နယ်၊ ကယားပြည်နယ်ရှိ လွိုင်ကော်မြို့နယ်နဲ့ ဒီမောဆိုမြို့နယ်၊ နောက်ပြီး ကရင်ပြည်နယ် မြောက်ပိုင်းရှိ သံတောင်မြို့နယ်တို့ ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းအရ ကယန်းတိုင်းရင်းသားများဟာ ရှေးပဝေသဏီ ကတည်းကပင် ဖယ်ခုံမြို့နယ်၊ ဒီမောဆိုမြို့နယ်၊ သံတောင်မြို့နယ်၊ ပင်လောင်းမြို့နယ် တောင်ပိုင်းနဲ့ ရမည်းသင်းခရိုင် အရှေ့ပိုင်းဒေသတွေမှာ တစုတစည်းတည်း တစ်ဆက်တစ်စပ်တည်း အခြေချနေထိုင်လာခဲ့ကြတာဟာ ယနေ့မျက်မှောက်ခေတ်ကာလအထိ ဖြစ်ပါတယ်။

ကယန်းအမျိုးသားပါတီဟာ ဘာ့ကြောင့်ဖွဲ့စည်းတည်ထောင်ရပါသလဲ၊ ဘယ်လို ဦးတည်ရည်မှန်းချက်များ ရှိကြပါသလဲ၊ ဘယ်သို့ဘယ်ပုံစည်းရုံးလှုပ်ရှားရမှာလဲဆိုတာ တိုင်းရင်းသားပြည်သူများ အထူးသဖြင့် ကယန်းတိုင်းရင်းသားလူမျိုးများသိရှိဖို့ တင်ပြလိုပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျား-

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ ရှေးပဝေသဏီကတည်းက ရေခံမြေခံအဖြစ် မှီတင်းနေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားလူမျိုးတွေထဲက ကယန်းတိုင်းရင်းသားများဟာ တစ်ခုအပါအဝင်ဖြစ်တာကို အထင်အရှားတွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ကယန်းလူမျိုးဟာ ပြည်ထောင်စုဖွားပင်ရင်းလူမျိုးတစ်ခု ဖြစ်တဲ့အတိုင်း သမိုင်းကြောင်းကို ပြန်လှန်ကြည့်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကိုလိုနီကို တွန်းလှန်တိုက်ခိုက်ရာ၌လည်းကောင်း၊ ဖက်ဆစ်ဂျပန်ဆန့်ကျင်တိုက်ပွဲဝင်ရာ၌လည်းကောင်း၊ နိုင်ငံတော် ကာကွယ်ရေးအတွက် ပြည်တွင်းပြည်ပ ရန်စွယ်အန္တရာယ်များကို ရင်ဆိုင်တိုက်ခိုက်ရာ၌လည်းကောင်း၊ အခြားညီအစ်ကိုတိုင်းရင်းသားများနည်းတူ ကျရာအခန်းကဏ္ဍကနေပြီး ထူးချွန်ပြောင်မြောက်စွာ အသက်ပေးပြီး ပါဝင်ဆင်နွှဲလာခဲ့ကြတာကို မငြင်းသာတဲ့ သာဓကများများစွာ ရှိကြပါတယ်။

အလားတူ ရှေ့လျှောက်နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ထိန်းသိမ်းရေး အစရှိတဲ့ နိုင်ငံသားတိုင်း ဆောင်ရွက်ကျင့်သုံးရမယ့် မွေးရာပါလုပ်ငန်းတာဝန်ကိုလည်း အခြားတိုင်းရင်းသားပြည်သူများ နည်းတူ ထမ်းရွက်ကြရမှာဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်နဲ့ ပတ်သက်တဲ့ တိုင်းရေးပြည်မှု အစုစုတို့ကို တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်တဲ့ ကယန်းအမျိုးသားများလည်း ကျရာနေရာက ပါဝင်ထမ်းဆောင်ကြောင်း ထင်သာမြင်သာရှိစေရေးအတွက် ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံတော် တည်ရှိနေသရွေ့ ကယန်းလူမျိုးလည်း ဒွန်တွဲရပ်တည်ရှင်သန်ဖို့ လိုတယ်လို့ မိမိတို့ ခံယူကြပါတယ်။

ဒါကြောင့် အဲဒီလို ကယန်းတိုင်းရင်းသားလူမျိုးဟာ မြန်မာနိုင်ငံတော်အတွင်းမှာ မြန်မာနိုင်ငံတည်ရှိနေသရွေ့ ဆက်လက်ရှင်သန်ရေး၊ ကယန်းလူမျိုးများအားလုံး တစုတစည်းတည်းသော စည်းလုံးညီညွတ်မှုအားဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ တိုးတက်ရှင်သန်နေတဲ့ ကယန်းအမျိုးသားများဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကျရာကဏ္ဍမှ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ထင်သာမြင်သာ ထမ်းရွက်နိုင်ရေးတို့ကို အချုပ်အားဖြင့် ဦးတည်ရည်မှန်းပြီး ကယန်းအမျိုးသားပါတီကို တည်ထောင်ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး ယနေ့ ကယန်းအမျိုးသားပါတီရဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံရေးရည်မှန်းချက်လုပ်ငန်းစဉ်အချို့ကို တင်ပြလိုပါတယ်-

ရည်ရွယ်ချက်များ

(၁) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာ တည်ဆောက်ရန်။
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ခိုင်မြဲစွာ တည်ဆောက်ရန်။
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အခြားသော တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

နိုင်ငံရေးရည်မှန်းချက် လုပ်ငန်းစဉ်များ

(၁) အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးကို ပြည်သူ့လက်ဝယ်သို့ အပြည့်အဝရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်။
(၂) ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်ရန်။
(၃) ကျဉ်းမြောင်းသော လူမျိုးရေးဝါဒကို ပယ်ဖျက်ပြီး ခေတ်မီတိုးတက်သည့် အမျိုးသားရေးဝါဒကို ကျင့်သုံးသွားရန်။
(၄) ကယန်းဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှသော အခွင့်အရေးရရှိရေးအတွက် ဆောင်ရွက်ရန်။
(၅) မိမိတို့ပါတီ၏ အခြေခံမူဝါဒနှင့် ကိုက်ညီသော အခြားပါတီ အဖွဲ့အစည်းများနှင့် မဟာမိတ်ပြုပြီး ရပ်တည်ရန်။
(၆) နိုင်ငံတကာ ဆက်ဆံရေးတွင် ကမ္ဘာ့နိုင်ငံရေးကို ထိန်းသိမ်း ကာကွယ်ရန်နှင့် ဘက်မလိုက်သော နိုင်ငံရေးမူဝါဒကို ကျင့်သုံးပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူ (၅)ချက်ကို လက်ကိုင်ထားကျင့်သုံးသွားရန်တို့ ဖြစ်ပါတယ်။



ကယန်းပြည်သူများနဲ့ ညီအစ်ကို တိုင်းရင်းသားများ ခင်ဗျား-

ကျွန်တော်တို့ ကယန်းအမျိုးသားပါတီဟာ နိုင်ငံရေးပါတီတစ်ခုဖြစ်သည့်နည်းတူ ပြည်ထောင်စုအစိုးရနှင့်သော် လည်းကောင်း၊ ပြည်နယ်အစိုးရနှင့်သော်လည်းကောင်း ကယန်းတိုင်းရင်းသားများက တစုတစည်းတည်း စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုအရေးအရာများကို တစ်ထောင့်တစ်နေရာက အကျိုးပြုဖို့သာ ရည်ရွယ်ခြင်းဖြစ်ပါတယ်။

အဲဒီလို တစုတစည်းတည်း စည်းလုံးစွာနေထိုင်ပြီး မိမိတို့ကံကြမ္မာကို မိမိတို့ ဖန်တီးနိုင်ရေးနဲ့ အဓွန့်ရှည်စွာ ရှင်သန်ရပ်တည်နိုင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုများနှင့် ဥမကွဲ သိုက်မပျက်၊ အေးအတူပူအမျှ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးစတဲ့ ရည်မှန်းချက်ကို အဓိကထားပြီး ဖွဲ့စည်းတည်ထောင်တဲ့ ပါတီဖြစ်တဲ့အတွက် ကယန်းအမျိုးသားများနှင့် ကယန်းဒေသရှိ ညီအစ်ကိုတိုင်းရင်းသားများလည်း ကယန်းအမျိုးသားပါတီကို အသိရှိရှိနဲ့ ယုံကြည်ထောက်ခံကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်တော် အထက်ကအစီရင်ခံတင်ပြခဲ့တဲ့အတိုင်း လာမယ့်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ကယန်းအမျိုးသားပါတီဟာ ကယန်းအမျိုးသားအများစုနေထိုင်ကြတဲ့ ရှမ်းပြည်နယ်ရှိ ဖယ်ခုံမြို့နယ်နှင့် ကယားပြည်နယ်ရှိ ဒီမောဆိုမြို့နယ်တို့မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် မဲဆန္ဒနယ်မြေများ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမှာ ဖြစ်သလို လွိုင်ကော်မြို့နယ်မှာ ပြည်နယ်လွှတ်တော် (၂) နေရာနှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်မှ ပြည်နယ်လွှတ်တော် (၁) နေရာ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

အဲဒီလို မြို့နယ်(၄)မြို့နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ် (၁၃)ဦးတို့ရဲ့ အောင်မြင်မှု အလားအလာကတော့ ကျွန်တော်တို့ ကယန်းအမျိုးသားတစ်ရပ်လုံးနဲ့ ကယန်းဒေသရှိ တိုင်းရင်းသားညီအစ်ကိုများ၏ အသိတရားနဲ့ အားပေးထောက်ခံမှု အပေါ်မှာ လုံးဝတည်မှီနေပါတယ်။

ဒါကြောင့် ကယန်းအမျိုးသားပါတီရဲ့ ကိုယ်စားလှယ်များက အောင်မြင်မှု ပန်းတိုင်ကို တက်လှမ်းပြီး ကယန်းလူမျိုးရဲ့ အရေးအရာတွေကို ပြည်ထောင်စုအတွင်းမှာ အခြားတိုင်းရင်းသားများနည်းတူ လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် အသီးအပွင့်များ ပေါ်ထွန်းလာရေးအတွက် ကျွန်တော်တို့ ကယန်းအမျိုးသားပါတီကို တက်တက်ကြွကြွ အားပေးမြောက်စားကြပါလို့ လေးစားအားထားစွာဖြင့်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။ အတီးပြိုင်ပွဲ
၈း၁၅	၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၅	၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	၉။ International News
၈း၄၅	၁၀။ တေးဂီတအစီအစဉ်
၉း၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ "ဖွားချစ်က တားမြစ်ထားသည်"
၄း၄၅	၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၀၀	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅	၆။ အကပြိုင်ပွဲ
၅း၁၀	၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၂၅	၈။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
၅း၄၀	၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅	၁၃။ ဆိုလိုက်ကြစို့
၇း၀၀	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ---ကိုယ့်ချစ်သူ" (အပိုင်း-၂၁)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ ရယ်စရာဟာသများ
	၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၃၀)**
	၂၁။ **"ရုပ်ရှင်ပဟေဠိ"**
	၂၂။ အစီအစဉ်ပြီး၏။

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည) ၂၈-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေး
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (အလုပ်ပြောင်းလိုပါသလား ကောင်းစွာစဉ်းစားပါ)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ပုစွန်ချဉ်သုပ်နဲ့ ပိန်းရိုးဟင်းခါး)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on line (မေစံပယ်ညို)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song တေးပဒေသာ
၁၂း၄၀	ရွှင်လန်းစေချင်သောတရှင် (ဝက်သားစားမလား)
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ဆဋ္ဌမတန်း-သမိုင်း) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မေတို့တွက်တာ အလှကမ္ဘာ (လက်ဖဝါးအလှဋီကာ)
၅း၁၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၅၉)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ပါဠိရေးနည်းပြောနည်းပဒေသာ (ဘဒ္ဒန္တဝေဠုရိယ) ၂။ သတိပဋ္ဌာန်အကျဉ်းချုပ်အလုပ်ပေးတရားတော် (ဘဒ္ဒန္တဝါယမ)
၆း၄၅	ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (ရွှေဖလားကို ငွေနားကွပ်ဖို့မလိုပါ)
၇း၃၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	နိုင်ငံရေးပါတီများ၏ဟောပြောချက်များ
၈း၃၀	တေးစီးရီး (မင်းပေးတဲ့ကမ္ဘာနှင့် CITY FM) စီးပွားရေးဦးတည်ချက်တေးပဒေသာ
၉း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးအေးကြိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ကျွန်တော်တို့ ပါတီရဲ့ လမ်းစဉ်သဘောထားများကတော့ အရာခပ်သိမ်း ကိစ္စရပ်များအပေါ် ဖြစ်နိုင်လျှင်လည်းခံမည်။ မဖြစ်နိုင်လျှင် ချမည်ဆိုတဲ့ ပုတီးတစ်ဖက် ဓားတစ်ဖက်မဟုတ်ဘဲ မိမိကိုယ်ကိုလည်း ဝေဖန်၊ သူတစ်ပါးကိုလည်း ဝေဖန်ကာ အများပြည်သူ အေးချမ်းစွာဖြင့် အကျိုးဖြစ်ထွန်းမည့် ငြိမ်းချမ်းရေးလမ်းစဉ်ပင် ဖြစ်ပါတယ်။

ရွေးလွန်ခဲ့တဲ့ အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါတီစုံစနစ် ပေါ်ပေါက်ကာ ပါတီများမှိုလိုပေါက်လျက် သူ့ပါတီအနိုင်ရရှိရေး၊ ငါ့ပါတီအနိုင်ရရှိရေး အတိုက်အခိုက် နေရာဒေသအနှံ့ဖြစ်ပွားကာ အပြစ်မဲ့ပြည်သူ၊ ပြည်သားဖြစ်ကြသည့် သက်ကြီးသူအိုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ သေကျေပျက်စီးခဲ့ရသည့်အပြင် တိုင်းတစ်ပါး နိုင်ငံခြားအသီးသီးနှင့် နှိုင်းယှဉ်လျှင်လည်း ဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်တရာမှ နောက်ကျကျန်နေခဲ့ရသည်ကို သင်ခန်းစာတစ်ရပ်အဖြစ်ရယူလျက် ကျဉ်းမြောင်းသည့် အစွန်းရောက်ခြင်းများကို ရှောင်ရှားကာ ယခုအခါ ကော်မရှင်ဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့်ပါတီမှန်သမျှကို မဟာမိတ်အနေဖြင့် ဆက်ဆံသွားမည်ဖြစ်ပြီး ပါတီအရေးနှင့်အများပြည်သူအရေး ယှဉ်လာလျှင် အများပြည်သူအရေးကို ဦးစားပေးသွားမည်ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ရခိုင်ပြည်နယ်ကို ကိုယ်စားပြုဖွဲ့စည်းထားသည် ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် လူမျိုးပေါင်းစုံကိုလည်း ကိုယ်စားပြုတာဖြစ်ပါတယ်။ ယင်းကြောင့် မည်သည့်လူမျိုးမဆို ဘာသာစကား ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လွတ်လပ်စွာ တန်းတူရည်တူရရှိရေးနှင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းစွာဖြင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အသေးစိတ်ပါတီ၏ အခြေခံမူများအနက် အကျဉ်းချုပ်ပြီး အနည်းငယ်ဖော်ပြလိုပါတယ်။

နိုင်ငံတော်အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ရမည်ဟု ယုံကြည်လျက် ရခိုင်ပြည်နယ်အတွင်း လူမျိုးဘာသာမရွေး တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာဖြင့် ပါဝင်သည့် အရပ်သားနိုင်ငံရေးအခန်းကဏ္ဍကို ဦးတည်လျက် အမျိုးသားအကျိုးစီးပွားနှင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲကင်းပြီး အမျိုးသားပါတီရေး အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာတွင် ကိုယ်ကျိုးစွန့်အနစ်နာခံသူများ ဖြစ်ရမည်ဟူသည့် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် လူနေမှုဘဝ စနစ်တကျမြင့်မားလာ နိုင်ရန် ရည်ရွယ်ပါတယ်။ ကဏ္ဍအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ တောင်သူလယ်သမားအရေး၊ အလုပ်သမားအရေး၊ အမျိုးသမီး၊ ကလေးသူငယ်၊ မသန်စွမ်းသူ၊ ကျောင်းသားသူငယ် အရေးတို့ကိုလည်း ချပြဆွေးနွေးဖို့ဖြစ်ပါတယ်။

၁။ နိုင်ငံရေးနှင့် ပတ်သက်လို့ ပါတီသည် အရပ်သားနိုင်ငံရေးကို အားပေးမြှင့်တင်ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအရ စည်းကမ်းပြည့်ဝသည့် ပြည်သူလူထု လွတ်လပ်ခွင့်များကို ဖော်ဆောင်မည်။

၂။ စီးပွားရေးနှင့် ပတ်သက်လို့ စီးပွားရေးလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံနိုင်မှုနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များကို ဖိတ်ခေါ်နိုင်လျက် လွတ်လပ်စွာပြိုင်ဆိုင်ခွင့်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ဖို့ ဖြစ်ပါတယ်။

၃။ **လူမှုရေး။** ပါတီသည် အမျိုးသားစာရိတ္တမဏ္ဍိုင်မြင့်မားရေးနှင့် ဝံသာနုရက္ခိတ တရားများပြန့်ပွားကာ စာပေအနုပညာ အမျိုးသားယဉ်ကျေးမှုများကို မပျောက်မပျက်ဖော်ထုတ်ထိန်းသိမ်းလျက် ရခိုင်ပြည်နယ်ရှိ လူမျိုးတိုင်း အမျိုးဘာသာ သာသနာကို လွတ်လပ်စွာ ကိုးကွယ်နိုင်ရန် စောင့်ရှောက်သွားမည် ဖြစ်ပါတယ်။

၄။ **ကျန်းမာရေး။** ပါတီသည်

(က) အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်

(ခ) စရိတ်မျှပေး ကျန်းမာရေးစောင့်ရှောက်မှုစနစ်

(ဂ) ရန်ပုံငွေထူထောင်ရေးနှင့် အာမခံထားရှိကုသနိုင်ရေး စနစ်များကို ကျင့်သုံးလျက် ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများကို ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

၅။ **တောင်သူလယ်သမားအရေး။** ပါတီသည် တောင်သူလယ်သမားနှင့် ပတ်သက်၍ လိုအပ်သောအရင်းအနှီးစရိတ်စက ရရှိနိုင်ရေးအတွက် အတိုးနည်းချေးငွေပံ့ပိုးမှုနှင့် ခေတ်မီစိုက်ပျိုးရေးကိရိယာများ၊ ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ခေတ်မီနည်းပညာပံ့ပိုးနိုင်ရေးနှင့် တောင်သူလယ်သမားတို့၏ အခွင့်အရေး အကျိုးစီးပွားကို ပေါ်ထွန်းလာရန် ကြိုးပမ်းကာကွယ်ကာ စောင့်ရှောက် အားပေးမြှင့်တင်သွားမည်ဖြစ်သလို မိမိတို့လယ်ယာမြေနှင့် ကိုက်ညီသည့် သီးနှံအမျိုးအစားကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရေး ထွက်ရှိလာသော သီးနှံများကို သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်ပြီး တောင်သူလယ်သမားတို့ဘဝ တိုးတက်နိုင်ရေးအတွက် မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်ရန် တောင်သူလယ်သမားအစည်းအရုံး (သို့မဟုတ်) သမဂ္ဂများ ဖွဲ့စည်းထူထောင်နိုင်ရေးတို့ကို စွမ်းဆောင်သွားမည် ဖြစ်ပါတယ်။

၆။ **အလုပ်သမားအရေး။** ပါတီသည် ပြည်နယ်အတွင်း အလုပ်လက်မဲ့ပြဿနာမျိုးဖြေရှင်းနိုင်ရေးနှင့် ထိုက်တန်သော အခကြေးငွေများရရှိနိုင်ရေး၊ မိမိဆန္ဒမပါသော ခိုင်းစေခြင်းနှင့် ထိုက်တန်သော အခကြေးငွေမရရှိခြင်း၊ သတ်မှတ်ချိန်မရှိဘဲ ခိုင်းစေခြင်းများကို စောင့်ရှောက်ကာကွယ်သွားမည်ဖြစ်ပြီး အလုပ်သမားတို့ရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုသက်သာချောင်ချိရေးစနစ်များနှင့် အလုပ်သမားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားအစည်းအရုံး(သို့မဟုတ်) အလုပ်သမားသမဂ္ဂများ ဖွဲ့စည်း၍ ပြည်နယ်အတွင်းရှိ လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၇။ **အမျိုးသမီး။** မိခင်နှင့်ကလေးသူငယ်၊ မသန်စွမ်းသူ၊ လူငယ်နှင့် ကျောင်းသားများအရေး၊ အမျိုးသမီးများနှင့် ပတ်သက်လို့ အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေး ရရှိနိုင်ရေးနှင့် အိုမင်းမစွမ်းသူ အမျိုးသမီးများ၊ မိခင်နှင့် ကလေးသူငယ်များ၊ မသန်စွမ်းသူများတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရန် မိမိတို့ အမျိုးသမီးရေးကို မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးရေးရာအသင်း အဖွဲ့အစည်းများကို စနစ်တကျ ဖော်ဆောင်နိုင်အောင် ကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။

၈။ ကျောင်းသားလူငယ်အရေး၊ ဝန်ထမ်းအရေး၊ ဝန်ထမ်းအငြိမ်းစားအရေး တို့ကိုလည်း တိုးတက်မြင့်မားလာအောင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဖော်ပြပါ အကြောင်းအချက်များအားလုံးအပေါ် ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကို အဓိကထားလျက် မပြောင်းလဲနိုင်သော ကိစ္စရပ်များကို ပရမတ္ထအားဖြင့် မဟာဗျူဟာသဘောထား သတ်မှတ်လျက် အချိန်ကာလ၊ ဒေသနှင့်ကိုက်ညီသည့် အများပြည်သူလက်ရှိဘဝနှင့် ဆက်စပ်သော ဆောင်ရွက်ချက်အား နည်းဗျူဟာအရ လုပ်ဆောင်သွားရမည်ဖြစ်ပြီး ကမ္ဘာကြီးလည်း အမြဲတစဉ်ရပ်တန့်မနေသလို မိမိတို့ဒေသ အနေဖြင့်လည်း ပြောင်းလဲလာလျှင် ပြောင်းလဲလာသလို တိုးတက်ကောင်းမွန်ရန်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များအား ဖိတ်ခေါ်ကာ ရေရှည်တည်တံ့သည့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသော ပြည်သူ့နီတိကို ဆောင်ကြဉ်းသည့်ပါတီတစ်ခုအဖြစ် အခိုင်အမာရပ်တည်လျက် တစ်လှာချင်း၊ တစ်ထပ်ချင်း၊ တစ်ထစ်ချင်း လက်ဆင့်ကမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့နှင့် တစ်ပြေးညီ တိုးတက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ဒါမှလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တစ်ပြေးညီ တိုးတက်လာခြင်းဖြင့် နိုင်ငံတော်အနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားလာမည်ဖြစ်သလို နိုင်ငံတစ်နိုင်ငံအနေဖြင့် ကာကွယ်ရေးသည် မရှိမဖြစ် လိုအပ်သည်ဖြစ်ရာ ခေတ်မီကာကွယ်ရေး အခန်းကဏ္ဍများ တိုးတက်မြင့်မားလာရေးကိုလည်း အားပေးဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၉။ **မြေသယံဇာတ၊ ရေသယံဇာတ။** မြေသယံဇာတ အရင်းအမြစ်နှင့် ရေသယံဇာတအရင်းအမြစ်များကိုလည်း စည်းကမ်းစည်းမျဉ်းနှင့်အညီ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း လက်ဝယ်ထားလုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ အများပြည်သူတစ်ရပ်လုံး လွတ်လွတ်လပ်လပ် လုပ်ဆောင်ရှာဖွေအသုံးချနိုင်ရန် နည်းလမ်းကောင်းများကို ရှာကြံလျက် ကြိုးပမ်းဆောင်ရွက်သွားမည့် ပါတီဖြစ်ပါသဖြင့် ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် လူမျိုးမရွေး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံပေါ်ပေါက်နိုင်ရေး၊ ကောင်းမြတ်သော မင်္ဂလာအပေါင်းနှင့် ပြည့်စုံဖို့ သဇင် (၂)ခက် တံဆိပ်ကို ဆောင်ကြဉ်းသော ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီကို အားပေးကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -စိတ်တူကိုယ်တူညီတူ အသင်းအဖွဲ့
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၂၂)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၁၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ပဉ္စလက်ပုံရိပ် (အပိုင်း-၁၈)**
- ၂၄။ **Mini Series**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

တောင်ငူမြို့ အထိမ်းအမှတ်ပွဲတော်ကျင်းပရေး စည်းဝေး

တောင်ငူ စက်တင်ဘာ ၂၇

တောင်ငူမြို့ ကေတုမတီမြို့တည် နန်းတည် နှစ် (၅၀၀) ပြည့်အထိမ်းအမှတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအသီးသီးတွင် ဖွဲ့စည်းပါဝင်သော (တောင်ငူမြို့ခံ)ကော်မတီဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ အမေ့အိမ်ဟိုတယ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဗဟိုဦးစီး ကော်မတီဝင် ဦးမြင့်ညို(အမေ့အိမ်)က အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးတင်ပြပြီး ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ကေတုဝင်းထွဋ်(တေးဂီတစိစစ်ရေး ဘုတ်အဖွဲ့ဝင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန)၊ ဦးရဲဝင်း (ရွှေဝါ-ပဲဆီသန့်)၊ ဦးကျော်လှ(သမာဓိ)၊ ဦးသိန်းလွင်(လမင်း-ဆန်ပွဲရုံ)၊ ဦးကျော်စွာ (သတင်းထောက်)၊ ဦးမောင်မြ (ပြည့်ဝ)နှင့် ဒေါ်မြသိန်း (သဘင်အစည်းအရုံး) တို့က အကြံပြုဆွေးနွေးကြကြောင်း သိရှိရသည်။ (၁၂၉)

ဘေးဒုက္ခအန္တရာယ်ကာကွယ်ရေး ပညာပေးအစ စာသင်ကျောင်းက

ဘေးဒုက္ခဆိုသည်မှာ မီးဘေး၊ စစ်ဘေး၊ အစာရေစာ ငတ်မွတ်ခေါင်းပါးမှုဘေးကဲ့သို့သော လူသားတို့၏ ပယောဂကြောင့်သော် လည်းကောင်း၊ ရေဘေး၊ မုန်တိုင်းအန္တရာယ်၊ ငလျင်ဘေး၊ မိုးခေါင်ခြင်းဘေး၊ မြေပြို၊ မြေကျွံခြင်းဘေး၊ မီးတောင်ပေါက်ကွဲခြင်းဘေးကဲ့သို့သော သဘာဝ၏ ဖောက်ပြန်မှုကြောင့်သော်လည်းကောင်း လူသားတို့ ဘေးအန္တရာယ်တစ်စုံတစ်ရာဖြင့် ပြင်းပြင်းထန်ထန် ရင်ဆိုင်ကြုံတွေ့ရ၍ ဆင်းရဲဒုက္ခခံစားရခြင်းကို ဆိုလိုပါသည်။

စာသင်ကျောင်းဟူသည် အနာဂတ်လူမှုအဖွဲ့အစည်းကို တည်ဆောက်ကြမည့် မျိုးဆက်သစ်များမွေးဖွားရာ နေရာဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူကလေးများသည် အနာဂတ်လူ့ဘောင်သမိုင်းကို ဦးဆောင်ကြရမည့်သူများဖြစ်သည်။ သို့အတွက် အသိပညာ၊ အတတ်ပညာနှင့် ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်မည့် အရည်အသွေးများ ရှိရမည်။ သဘာဝတရား၏ ဖြစ်ပျက်နေမှုများကို အသိတရားဖြင့် ဆင်ခြင်သုံးသပ်ကာတုံ့ပြန်နိုင်သည့် စွမ်းအားရှင်ကလေးများ ဖြစ်ဖို့လိုအပ်သည်။ စာတွေ့အသိသာမက လက်တွေ့ဆောင်ရွက်တတ်သည့် အလေ့အကျင့်များကိုပါ ပျိုးထောင်ပေးရမည်ဖြစ်သည်။

ဒေါက်တာခင်ဆန်းနွယ် (ကျောင်းကြက်ခြေနီ)

ယနေ့ကမ္ဘာတစ်ဝန်း ရှောင်လွှဲ၍မရဘဲ ရင်ဆိုင်ကြုံတွေ့နေရသော ဘေးအန္တရာယ်များကြောင့် လူနှင့်ပတ်ဝန်းကျင်တို့ ပျက်စီးယိုယွင်းလာရသည့် ဖြစ်စဉ်များသည် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝ ရပ်တည်မှုကို စိန်ခေါ်လျက်ရှိနေသည်။ ယင်းစိန်ခေါ်မှုသည် နိုင်ငံများအတွက် အရေးတကြီး ဖြေရှင်းရမည့် ထိပ်တန်းပြဿနာတစ်ရပ်အဖြစ် ပါဝင်နေသည်။ ခန့်မှန်းတားဆီးရန် မစွမ်းသာသော သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရမည်ဆိုပါက ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းပါးရေးကို ဦးတည်ကာ ဆောင်ရွက်နေကြကြောင်းတွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူထုကိုအခြေခံသည့် လုပ်ဆောင်မှုများကို အလေးထား ဆောင်ရွက်နေကြသည်။ အဘယ်ကြောင့်ဆိုသော် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိအိုးအိမ်၊ မိမိ မိသားစုအကြောင်းကို မိမိတို့ကသာသိရှိပြီး မည်သို့မည်ပုံ တုံ့ပြန်ရင်ဆိုင်သင့်သည်ကို သိရှိနိုင်ကြမည်ဖြစ်သည်။

လူထုအခြေပြုသည့် ဘေးအန္တရာယ်ထိခိုက်မှုလျော့ပါးရေးကို ဆောင်ရွက်ရာတွင် အလေးထားရမည့် ဦးတည်အုပ်စုတစ်ခုမှာ စာသင်ကျောင်းများကို အခြေခံသည့်လူထုဖြစ်သည်။ ယင်းတွင် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးဝန်ထမ်းများပါဝင်သည်။ စာသင်ကျောင်းကို အခြေခံသော ဘေးအန္တရာယ်ထိခိုက်မှုလျော့ပါးရေး အစီအစဉ်များသည် စာသင်ကျောင်းများမှတစ်ဆင့် မိဘများပါဝင်သော လူထုအတွင်းသို့ ပျံ့နှံ့ကာ မိမိတို့ရပ်ရွာဒေသအတွက် ထိရောက်သော လုပ်ဆောင်မှုများကို ပြုလုပ်လာနိုင်ပါသည်။

စာသင်ကျောင်းများကို အခြေခံသောဘေးအန္တရာယ် ထိခိုက်မှုလျော့ပါးရေး စီမံဆောင်ရွက်မှုများတွင် ဘေးအန္တရာယ်များအား ဆန်းစစ်ခြင်း၊ အန္တရာယ်ရှိသည့်နေရာနှင့် ဖြစ်ပွားနိုင်မှုအတိုင်းအတာကို ရှာဖွေဖော်ထုတ်ခြင်း၊ ယင်းမှစာသင်ကျောင်းများ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို ရေးဆွဲနိုင်ကြမည်ဖြစ်သည်။ ဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသည့်ဒေသများနှင့် ဖြစ်ပွားနိုင်သောဒေသရှိ စာသင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူကလေးများအား ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို သင်ကြားပေးခြင်းဖြင့် မိမိကျောင်းအတွက်သာမက မိမိရပ်ရွာအတွက်ပါ ဘေးကင်းလုံခြုံသောလူမှုအဖွဲ့အစည်းကို တည်ဆောက်ထားနိုင်မည် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ ဘေးအန္တရာယ်ထိခိုက်မှု လျော့နည်းရေးအစီအစဉ်များကို ဆောင်ရွက်နေကြပြီဖြစ်သည်။ အထူးသဖြင့် ကလေးအရွယ်ကပင် မိမိကိုယ်ကို ဘေးကင်းလုံခြုံစွာနေထိုင်တတ်ရန်၊ ဘေးအန္တရာယ်ကြုံတွေ့ပါက ရင်ဆိုင်တတ်ရန်၊ မိမိနှင့်ပတ်ဝန်းကျင်အား ကူညီတတ်ရန် စာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားလာနေကြပြီဖြစ်ပါသည်။ စာသင်သားကလေးငယ်များအား ငယ်ရွယ်စဉ်ကပင် အဆိုပါ အသိပညာများပေးခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိလာနိုင်သလို တခြားသူများအားလည်း အကူအညီပေးနိုင်မည်ဖြစ်သည်။ ကျောင်းသားမှတစ်ဆင့် မိဘဆွေမျိုးအသိုင်းအဝိုင်း၊ အိမ်နီးနားချင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်တိုင် အသိပညာကို လက်ဆင့်ကမ်းရာရောက်မည်ဖြစ်ပါသည်။

ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ထိခိုက်မှုလျော့နည်းစေရန်အတွက် စာသင်ကျောင်းများ၌ ကျောင်းသား၊ကျောင်းသူများအား အသိပညာပေးရာတွင် အသက်အရွယ် အပိုင်းအခြားအလိုက်သော် လည်းကောင်း၊ အတန်းစဉ်အလိုက်သော် လည်းကောင်း၊ လက်ခံနိုင်မည့် ဉာဏ်ရည်စွမ်းအားပေါ်မူတည်ကာ သင်ကြားပေးရန်လိုအပ်သည်။ ဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စာသင်သားကလေးများအတွက် စာသင်ကျောင်းများတွင် သင်ကြားပေးနေသော ဘေးအန္တရာယ်ဆိုင်ရာ သင်ခန်းစာများတွင် အောက်ပါအကြောင်းအရာများပါဝင်ကြောင်း တွေ့ရသည်-

မိမိနေထိုင်ရာဒေသ၏ ပထဝီအနေအထား၊ ဘေးအန္တရာယ်နှင့် ဘေးဒုက္ခ၏ အဓိပ္ပာယ်၊ မိမိနိုင်ငံအတွင်း ဖြစ်ပွားတတ်သော ဘေးဒုက္ခများ၊ မိမိတို့ဒေသအတွင်း ဖြစ်ပွားတတ်သော ဘေးဒုက္ခများနှင့် ဖြစ်ပွားနိုင်သော ဘေးအန္တရာယ်များ၊ ဘေးဒုက္ခအမျိုးအစားလိုက် ဖြစ်ပွားပုံ၊ ဖြစ်ပွားရသည့်အကြောင်းရင်း၊ ထိခိုက်ပျက်စီးမှုများ၊ မည်သို့ကြိုတင်ကာကွယ်နိုင်သည်၊ ဖြစ်ပွားချိန်တွင်မည်သို့ ဆောင်ရွက်မည် စသည့် အကြောင်းအရာ အချက်အလက်များ ပါဝင်သည်။ စာသင်ခန်းအတွင်း သင်ကြားပေးသည်သာမက လက်တွေ့ဆောင်ရွက်စေသည့် အုပ်စုလိုက်သရုပ်ဖော်လေ့ကျင့်ခြင်း၊ သင်ကြားခြင်းများကိုလည်း ပြုလုပ်ကြပါသည်။

ကျောင်းပတ်ဝန်းကျင်အတွင်း အန္တရာယ်ဖြစ်ပွားနိုင်သော အခြေအနေများ၊ ဘေးအန္တရာယ်ကြုံတွေ့ပါက မည်သို့အကာအကွယ်ရယူမည်၊ ဘေးလွတ်ရာသို့ မည်သည့်အပေါက်လမ်းမှထွက်ရမည်၊ ထိခိုက်ဒဏ်ရာရသူအား မည်သို့ရှေးဦးပြုစုပေးမည်၊ ပျောက်ဆုံးနေသူအား မည်သို့ရှာဖွေကြမည်စသည့် အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့်ကိစ္စများကို ကလေးငယ်များ သိရှိစေရန်နှင့် အမြဲအသင့်ရှိနေစေရန် သင်ကြားပေးရမည်ဖြစ်သည်။ မိမိကိုယ်ကိုကာကွယ်နည်းများကိုလည်း သင်ကြားပေးရန်လိုအပ်သည်။ ယင်းသို့သင်ကြားရာတွင် ရုပ်ပုံကားချပ်များ၊ သဏ္ဌာန်တူရုပ်ပုံများ၊ ကစားစရာများ၊ ရုပ်သံပစ္စည်းများစသည့် သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပေးနိုင်ပါသည်။

ဘေးအန္တရာယ်ထိခိုက်မှုလျော့နည်းစေရေး အစီအစဉ်များသည် ရေရှည်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သည်။ ကဏ္ဍအသီးသီးအလိုက် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည်။ စာသင်ကျောင်းများ တည်ဆောက်ရာတွင် မြေအနေအထားရွေးချယ်မှု၊ အမိုးအကာခိုင်ခံ့မှု၊ စားပွဲထိုင်ခုံများတောင့်တင်းမှု၊ အဝင်အထွက်လွယ်ကူမှု စသည်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ဘေးဒုက္ခကြုံတွေ့နေရစဉ် စာသင်ကျောင်းများသည် လူထုအတွက် ယာယီခိုလှုံရာနေရာဖြစ်နိုင်သည်။ သို့ဖြစ်၍ မိမိတို့ကျောင်းအား ခိုင်ခံ့ကောင်းမွန်သော အဆောက်အအုံဖြစ်ရန် လိုအပ်သည်။

ကျောင်းအုပ်များ၊ ဆရာ၊ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များအနေဖြင့် မိမိတို့ဒေသ၏ ဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေပေါ်မူတည်ပြီး ထိခိုက်မှုလျော့နည်းစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ရန်လိုပါသည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များအား ကျောင်းစာတစ်ခုတည်းသာမက ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများနှင့် ရင်ဆိုင်တုံ့ပြန်နိုင်မှုများကို သင်ကြားပေးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

(၆၆) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ

(၂၈)-(၂၉) ရက်

အစည်းအဝေးခန်းမ

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်

နေပြည်တော်

ပဲခူး အထက(၃) အာစရိယပူဇော်ပွဲ ကျင်းပမည်

ပဲခူး စက်တင်ဘာ ၂၇

ပဲခူးမြို့ အထက (၃) (ယခင်အမျိုးသားတန်းမြင့်ကျောင်း) ၁၉၆၂-၁၉၆၃ ခုနှစ် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့ အထက (၃) (ယခင်အမျိုးသားတန်းမြင့်ကျောင်း၊) (Y.M.B.A) ကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ မည်သည့်နှစ်မှမဆို ဆရာကြီး၊ဆရာမကြီးများ၏ တပည့်ဖြစ်ခဲ့ဖူးသူမှန်သမျှ ပူးပေါင်းပါဝင် ကန်တော့ပွဲဆင်နွှဲနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

(၄၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်စိုး၊ ဆေးရုံအုပ်ကြီး ဒေါက်တာ တင်တင်စိန်၊ ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးလွင်ဦး ဦးဆောင်သော ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများ စုပေါင်း၍ စက်တင်ဘာ ၂၆ ရက်က ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ရေနုတ်မြောင်းများ ရှင်းလင်းဆောင်ရွက်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝဋ္ဋဝန်အိမ်ရာစခန်းနေ ကွယ်လွန်သူ ဆရာဦးသန်းမောင် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) စာရင်းစစ်ချုပ်ရုံးအား ရည်စူး၍ စာရင်းစစ်ချုပ်ရုံး(နေပြည်တော်မှ) တပည့်များက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၁၃၅၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

Gusto ICT Foundation သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၇

ICT ပညာရပ်သင်တန်းတွင် ICT ပညာရပ်၏ အရေးပါပုံ၊ အကျိုးရှိပုံတို့ကို ကောင်းစွာနားလည်၍ လက်တွေ့နယ်ပယ်တွင် မည်ကဲ့သို့ အကျိုးရှိရှိ အသုံးချနိုင်ပုံတို့ကို သင်ကြားပေးမည်ဖြစ်သည်။ ဤသင်တန်းသို့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး အဆင့်မြင့်ပညာရပ်များကို လေ့လာလိုသူများ၊ ကွန်ပျူတာပညာရပ်ကို လက်တွေ့ဘဝတွင် အကျိုးရှိရှိအသုံးချနိုင်ရန်အတွက် လေ့လာလိုသူများ၊ ကွန်ပျူတာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိလိုသူများ တက်ရောက်နိုင်သည်။

သင်တန်းတွင် Microsoft Office Module, Basic Programming Module, Database Module, Graphic Design Module နှင့် Networking Module တို့ကို မတူညီသော ရှုထောင့်မှ သင်ကြားပေးမည်ဖြစ်သည်။

Microsoft Office Module တွင် ကွန်ပျူတာဖြင့် စာစီစာရိုက်၊ စာရင်းဇယားများကို Microsoft Word, Excel, Powerpoint အစရှိသော အဆင့်မြင့် Software တို့ဖြင့် ကျွမ်းကျင်စွာ အသုံးချတတ်အောင် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။

Basic Programming Module တွင် Computer ပညာရပ်၏ အသက်တမျှဖြစ်သော Programming ဘာသာရပ်ကို နားလည်သဘောပေါက်၍ လက်တွေ့ရေးသားခြင်းများ ပါဝင်မည်ဖြစ်သည်။

Database Module တွင် စီးပွားရေးလုပ်ငန်းများ၌ Database ကိုအကျိုးရှိရှိ အသုံးချနိုင်ပုံကို စနစ်တကျလေ့လာ၍ လက်တွေ့လေ့ကျင့်ခြင်းများ ပါဝင်မည်ဖြစ်သည်။

Graphic Design Module တွင် ပြင်ပလောက၌ ရှိနေသော အလုပ်အကိုင်များကို Graphic Design ပညာရပ်တွင် မည်ကဲ့သို့ ထောက်ပံ့ပေးနိုင်ကြောင်းကို နားလည်အောင် လေ့လာခြင်းများ ပါဝင်မည်ဖြစ်သည်။

Networking Module တွင် ကွန်ပျူတာများကို ချိတ်ဆက်အသုံးပြုသော Networking ဘာသာရပ်နှင့် စပ်လျဉ်း၍ အခြေခံများကို နားလည်သဘောပေါက်အောင် သင်ကြားပေးခြင်းများ ပါဝင်မည်ဖြစ်သည်။

သင်တန်းကို အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင်နှစ်ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး) နေ့များတွင် တက်ရောက်သင်ကြားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် အောက်တိုဘာ ၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ်(၂၆) (၁၄)လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း - ၂၂၄၄၉၆ နှင့် ၀၉၈၆၂၈၈၀၆ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူများအနေဖြင့် မိမိတို့ခရိုင်၊ မြို့နယ်အတွင်းမှာပင် ဆေးဝါးကုသနိုင်ပြီ ဤဒေသ၏ ကျန်းမာရေးအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည်

တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း၊ ဝန်ကြီး ဦးစိုးနိုင်၊ ဝန်ကြီး ဒေါက်တာ ကျော်မြင့်၊ ဆေးရုံအဆောက်အအုံသစ် အလှူရှင် Dagon Group of Companies ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်ဇနီး ဒေါက်တာ မိုးမြမြတို့ ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖျာပုံမြို့ ခုတင်(၂၀၀)တိုးချဲ့ဆေးရုံကြီးရှိ ဆေးရုံအဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

◆ **ရွှေဖုံးမှ**

ရွှေဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဆေးရုံအဆောက်အအုံသစ် အလှူရှင် Dagon Group of Companies ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်ဇနီး ဒေါက်တာမိုးမြမြတို့က ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆေးရုံအဆောက်အအုံသစ်အတွင်း ခွဲစိတ်ကုသဆောင်ရှိ အထူးကြပ်မတ် ကုသဆောင်နှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မျက်စိကုသဆောင်၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော မျက်စိဝေဒနာရှင်များအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမ၌ အလှူရှင် Dagon Group of Companies ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ဆေးရုံအဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် ဆေးရုံငွေပဒေသာပင် အလှူငွေကျပ် သိန်းတစ်ရာတို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ညီညီမင်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်လှစ်လိုက်သည့် ဖျာပုံခရိုင် ဖျာပုံမြို့နယ် ခုတင် (၂၀၀) တိုးချဲ့ဆေးရုံကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေး လုပ်ငန်းများထဲတွင် အောင်မြင်ပြီးမြောက်ခဲ့သည့် လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း။

ဤခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီးကို ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီပိုင်ရှင် ဦးဝင်းအောင်-ဒေါက်တာမိုးမြမြ မိသားစုတို့က ငွေကြေးစိုက်ထုတ် ကိုယ်တိုင်ဆောက်လုပ်ပြီး လှူဒါန်းပေးခဲ့ခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ဦးဝင်းအောင်-ဒေါက်တာမိုးမြမြ တို့မိသားစုအား ဖျာပုံခရိုင်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ကိုယ်စား များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

အလားတူ လပွတ္တာခရိုင် ခုတင် (၂၀၀)ဆေးရုံကြီးနှင့် လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ (၂၅) ခုတင် ဆေးရုံတို့လည်း ပြီးမြောက်ခဲ့ပြီဖြစ်၍ ဆက်တိုက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

ဤဆေးရုံများ ပြီးမြောက်သွားသည်နှင့်အမျှ ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ခရိုင်၊ မြို့နယ်အတွင်းမှာပင် ဆေးဝါးကုသနိုင်သည့် အခွင့်အလမ်းများ ရရှိခဲ့ပြီဖြစ်၍ ဤဒေသ၏ ကျန်းမာရေးအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်နိုင်ငံလုံးလွှမ်းခြုံ၍ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိရာတွင် ပြီးခဲ့သည့် နှစ်နှစ်ကျော်ကာလက အင်အားပြင်းထန်သည့် နာဂစ်မုန်တိုင်းဒဏ်ခံရပြီး လူများ၏ အသက်အိုးအိမ်စည်းစိမ်များ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရသည့် ဤမြစ်ဝကျွန်းပေါ်ဒေသကို အထူးအလေးထားပြီး ယခင်ကာလကထက် သာလွန်ကောင်းမွန်သည့် အနေအထားသို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုဆိုလျှင် ဤဒေသနေပြည်သူများ၏ နေရေးထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး အပြင် သဘာဝဘေးဒဏ်ကျရောက်လာခဲ့လျှင် ကြိုတင်ကာကွယ်နိုင်ရန်နှင့် လူများ၏ အသက်များကို ကယ်တင်နိုင်ရန်အတွက် ပင်လယ်နှင့် ထိစပ်နေသော ပင်လယ်ကမ်းစပ် တစ်လျှောက်တွင် မုန်တိုင်းဒဏ်ခံ Cyclone Shelter အလုံး ၂၀ ကို တည်ဆောက်ပြီးစီးသွား

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အသေလှတဲ့သူ" တရားတော် (အပိုင်း-၁) (ဆရာတော်အရှင်ဆန္ဒာဓိက)
၆း၃၅	ထင်ရှားဖူးမြော်ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၁)**
၈း၄၀	A Night of Pop ကြိုတင်ပြင်ဆင်နေမှုများ
၈း၅၀	Activities In The City -မဟာဂန္ဓာရုံကျောင်းတိုက်၏ ဝါဆိုသင်္ကန်းကပ်နှင့် စာအောင်သံဃာတော်များဂုဏ်ပြုပူဇော်ပွဲ -အထက(၂)သန်လျင် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ
၉း၂၀	လပွတ္တာနှင့်သုံးမိုင်အကွာ
၉း၃၀	Cartoon Show Time (MEET THE ROBINSONS)
၁၀း၁၀	ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှ ရွှေတိုးပါဝါ
၁၀း၂၀	ကြည်ဖြူ. . . ညီတူ. . . ဆုထူးယူ သူရိန်ဝင်း၏ မရှိခဏအလှူ
၁၀း၄၀	Celebrity Style (အောင်ရဲလင်း)
၁၁း၁၅	International Show Biz
၁၁း၃၀	မင်းမသိသေးပါဘူးကွာ (ဧရာ၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	သင်ကြားရေးလမ်းညွှန် (Unique Life Education Center)
၁၂း၂၀	Music Talk (သီတာရတနာ)
၁၂း၄၀	ရန်ကုန်မြင်ကွင်းကျယ် (Power Strong Bio Disc စွမ်းအားပြည့်သောက်ရေသန့် ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁း၀၀	"အသေလှတဲ့သူ"တရားတော် (အပိုင်း-၁) (ဆရာတော်အရှင်ဆန္ဒာဓိက)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Road To Phyu Phyu Kyaw Thein Solo Concert
၂း၃၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-မေစံပယ်ညို)
၃း၀၀	လပွတ္တာနှင့်သုံးမိုင်အကွာ
၃း၁၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (အင်းလေးဒေသရဲ့ထူးခြားတဲ့ငါး "ငါးဖိန်း")
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၇)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၁)**
၄း၄၀	Road To Phyu Phyu Kyaw Thein Solo Concert
၅း၀၀	The Champion of Dance
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သွားနှင့်ခံတွင်းကျန်းမာရေး အကြောင်း)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၈)**
၇း၂၀	Celebrity Choice (မိုးအောင်ရင်)
၇း၅၀	A Night of Pop ကြိုတင်ပြင်ဆင်နေမှုများ
၈း၀၀	**MRTV-4 သတင်း** -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀	သူတို့ဘဝသူတို့ဟာသ (ဦးပေါ်စိန်)
၈း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၂)**
၁၀း၁၀	Activities In The City -မဟာဂန္ဓာရုံကျောင်းတိုက်၏ ဝါဆိုသင်္ကန်းကပ်နှင့် စာအောင်သံဃာတော်များဂုဏ်ပြုပူဇော်ပွဲ -အထက(၂)သန်လျင် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ
၁၀း၄၀	အနုပညာမိုးကောင်းကင်
၁၁း၀၅	စာအုပ်ပြခန်း (Heart Magazine မှ အယ်ဒီတာချုပ် စောရတီနိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း)
၁၁း၂၅	ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှ ရွှေတိုးပါဝါ
၁၁း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Power Strong Bio Disc စွမ်းအားပြည့်သောက်ရေသန့် ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁၁း၅၅	ကြည်ဖြူ. . . ညီတူ. . . ဆုထူးယူ သူရိန်ဝင်း၏ မရှိခဏအလှူ
၁၂း၁၀	ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၁၂း၂၅	World of Knowledge (Waking The Baby Mammoth)
၁း၁၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘုတ်ဘုတ်)
၁း၄၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (အင်းလေးဒေသရဲ့ထူးခြားတဲ့ငါး "ငါးဖိန်း")
၁း၄၅	လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (မဟာရန်ကုန်စံပြသဘင်) (အပိုင်း-၁)
၂း၁၅	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၂း၂၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖုန်းအလှဆင်ခြင်း)
၂း၄၀	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	မြန်မာမှုလက်ရာပန်းတဉ်းပညာ
၄း၃၅	ဆီးချိုရောဂါကြောင့် မျက်စိအပေါ် သက်ရောက်မှုဆိုးကျိုးများ (ပါမောက္ခဒေါက်တာမြအောင်)
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

✳ စာမျက်နှာ ၇ မှ

ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် အတွင်းပိုင်းကျရောက်သော်လည်း ပြီးခဲ့သည့် နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က အထိနာခဲ့သောကျေးရွာအချို့တွင်လည်း နောက်ထပ်မုန်တိုင်းဒဏ်ခံ Cyclone Shelter ရှစ်လုံးထပ်မံတည်ဆောက်ပေးခဲ့ရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

ဤမုန်တိုင်းဒဏ်ခံ Cyclone Shelter များကို ပြည်ပမှ လှူဒါန်းငွေအချို့နှင့်နိုင်ငံတော်က ငွေကျပ် စုစုပေါင်း ၅၁ ဒသမ ၂၈၈ ဘီလီယံ အကုန်အကျခံပြီး ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ သာမန်အချိန်တွင် ဤ Cyclone Shelter များကို အသုံးပြုပြီးစာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လူမှုရေးအဆောက်အအုံများအဖြစ် အသုံးပြုနေကြပြီဖြစ်သဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသကဲ့သို့ ဤဒေသအတွက် များစွာအကျိုးရှိနေပြီဖြစ်ကြောင်း။

လမ်းကွန်ရက်ကြီး

ထို့အပြင် ဤဒေသ၏ မုန်တိုင်းဒဏ်ကြိုတင် ကာကွယ်ရေးအတွက်သာမက ဤဒေသ၏ စီးပွားရေးကိုပါ များစွာအထောက်အကူပြုစေမည့် မော်တော်ကားလမ်း ၁၁ လမ်းပါဝင်သော လမ်းကွန်ရက်ကြီးတစ်ခုကိုလည်း ဖောက်လုပ်လျက်ရှိရာ ပြီးစီးနေပြီဖြစ်ပြီး တချို့ လုပ်လက်စလုပ်ငန်းကို လက်စသတ်နေပြီဖြစ်ကြောင်း၊ ဤလမ်းကွန်ရက်ကြီး ဖောက်လုပ်ရာတွင် မော်လမြိုင်ကျွန်းမြို့နယ်က ရာဇူဒိုင်တံတား(၁)နှင့်(၂) အပါအဝင် တံတားကြီး/ငယ်ပေါင်း ၄၅၈ စင်း ဆောက်လုပ်ခဲ့ရကြောင်း၊ ဤလမ်းတံတားများအတွက် နိုင်ငံတော်က ငွေကျပ် ၃၆ ဒသမ ၈၄၅ ဘီလီယံ စိုက်ထုတ်သုံးစွဲခဲ့ရခြင်းဖြစ်ကြောင်း၊ ဤလမ်းများ၏ အဆင့်အတန်းကိုလည်း မြေကြီးလမ်းအဆင့်မှ ကျောက်လမ်း၊ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်း မော်တော်ကားလမ်းများသာမက ဟသ်ာတမှ ဇလွန်၊ ဓနုဖြူနှင့် ညောင်တုန်းတို့ကို ဖြတ်ပြီး ပုသိမ်သို့လည်းကောင်း၊ ရန်ကုန် လှိုင်သာယာသို့လည်းကောင်း ၄၈ မိုင် အရှည်ရှိသော ရထားလမ်းကို ဖောက်လုပ်လျက်ရှိရာ ဟသ်ာတမှ ဇလွန်အထိ ၁၆ ဒသမ ၂၅ မိုင်ရှည်သော ရထားလမ်းအပိုင်း ပြီးစီးသွားပြီဖြစ်သဖြင့် ယခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဤမီးရထားလမ်းအပိုင်းကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုအခါ ဟသ်ာတနှင့် ဇလွန်မြို့အကြား ဒေသခံပြည်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာစွာဖြင့် သွားလာအသုံးပြုနေကြပြီဖြစ်ကြောင်း။

ဤရထားလမ်း ဖောက်လုပ်ရာတွင် ညောင်တုန်းမှ ဧရာဝတီမြစ်ကို ဖြတ်ကျော်ရန် လက်ရှိ ဗိုလ်မြတ်ထွန်းတံတားကြီးနှင့် အပြိုင် မီးရထားနှင့် မော်တော်ကား သွားလာနိုင်သည့် နောက်ထပ် ဧရာဝတီတံတား (ညောင်တုန်း)တံတားကြီးတစ်စင်းကိုလည်း ထပ်မံတည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည် ဖြစ်ကြောင်း။

ခရီးအတိုဆုံး

ထို့ပြင် နောက်ထပ် မီးရထားလမ်းတစ်လမ်းဖြစ်သည့် ပုသိမ် (ဘဲဂရက်)မှ အိမ်မဲကိုဖြတ်ပြီး လှိုင်သာယာ(ရန်ကုန်)ကို ခရီးအတိုဆုံးဖြင့် တိုက်ရိုက်ပေါက်သည့် မီးရထားလမ်းတစ်လမ်းကိုလည်း ဖောက်လုပ်လျက်ရှိကြောင်း၊ ဤလမ်းသည် ၈၉ မိုင်ရှိပြီး မကြာမီ ပုသိမ်(ဘဲဂရက်)မှ အိမ်မဲအထိ မီးရထားလမ်းအပိုင်း ၂၀ ဒသမ ၇၅ မိုင်ကို ဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ ဖောက်လုပ် ပြီးစီးသွားလျှင် ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် ဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးကိုပါ များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာသားငါးထွက်ကုန်များ အလျှံပယ် ထွက်ရှိသည့်ဒေသ ဖြစ်ကြောင်း၊ သဘာဝက ဖန်တီးပေးထားသည့် မြေသြဇာအလွန်ထက်သန် ကောင်းမွန်သော လယ်မြေများအပြင် သားငါးပေါကြွယ်ဝသည့် ပင်လယ်ပြင်နှင့် မြစ်ချောင်း အင်းအိုင်များ အလွန်ပေါများသည့်အတွက် အလုပ်လုပ်လျှင် လုပ်သလောက် အကျိုးရှိစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် အလုပ်ကို ဝီရိယစိုက်ထုတ်ပြီး ကြိုးကြိုးစားစားလုပ်ရန် လိုအပ်ကြောင်း၊ မိမိတို့ ပင်ပင်ပန်းပန်း ရှာဖွေရရှိသည့် ငွေကြေးများကိုလည်း အလွယ်တကူ အကျိုးမဲ့သုံးဖြုန်းမပစ်ဘဲ အဆင့်အတန်းမြင့်မြင့်မားမား နေထိုင်နိုင်ရေးအတွက် အကျိုးရှိရှိ သုံးစွဲသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍများကြောင့် စားဝတ်နေရေး ပြည့်စုံဖူလုံမှုလောက်ဖြင့် ကျေနပ်အားရမနေဘဲ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် Developed နိုင်ငံဖြစ်ရန်အတွက် စက်မှုနိုင်ငံဖြစ်အောင် ထူထောင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရင်း စက်မှုနိုင်ငံထူထောင်နိုင်ရေးအတွက် အရင်းအနှီးများ စုဆောင်းရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူ့စွမ်းအား အရင်းအမြစ်ဖြစ်သည့် အသိပညာရှင် အတတ်ပညာရှင်များ မွေးမြူရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသကြီး ၂၄ ခုတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုစီတို့ကို တည်ထောင်ပေးထားကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှာဆိုလျှင် ပုသိမ်၊ ဟသ်ာတနှင့် မအူပင်မြို့ကြီးများ၌ အဆိုပါ တက္ကသိုလ်ကြီးများ ထူထောင်ပေးထားပြီးဖြစ်သဖြင့် ကိုယ့်ဒေသအတွင်းမှာပင် အဆင့်မြင့်သည့် တက္ကသိုလ်ပညာများကို သင်ယူနိုင်နေပြီဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ကိုယ့်ဒေသအတွင်း များများပေါ်ထွန်းလာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ဤဆေးရုံကြီးသည် ဖျာပုံခရိုင်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဤဆေးရုံကြီး မပျက်မစီးအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း အဟောင်းအဟောင်းများ၏ နေရာတွင် အသစ်အသစ်များ ဖြစ်ပေါ်လာပြီဖြစ်ကြောင်း၊ မြေအုတ်တို့ ပြိုပျက်သွားသည့်နေရာတွင် ကျောက်စိုင်ကျောက်အုတ်တို့ဖြင့် အခိုင်အခံ့တည်ဆောက်ပြီးဖြစ်ကြောင်း၊ နာဂစ်ကို အောင်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်သော စွမ်းအားကြောင့်ဖြစ်ကြောင်း၊ ဤစွမ်းအားကို ယုံယုံကြည်ကြည်ဖြင့် အသုံးချပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆရာဝန်၊ ဆရာမများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှတ်တမ်းတင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ ဆေးရုံအဆောက်အအုံသစ် ဥပစာ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဆေးရုံ အဆောက်အအုံသစ်ကို အလှူရှင် Dagon Group of Companies က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဆေးရုံသုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် လေအေးပေးစက်များကိုလည်း ထည့်သွင်းလှူဒါန်းခဲ့ရာ ဆေးရုံအဆောက်အအုံသစ်အပါအဝင် လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၂၀၈၅ သိန်း ဖြစ်ကြောင်း သိရှိရသည်။

ဖျာပုံမြို့ မြို့နယ်ဆေးရုံ၌ ယခင်ကခုတင် (၁၀၀)ဆံ့ ဆေးရုံအဆောက်အအုံသာ ရှိခဲ့ရာမှ ယခု ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းမှုကြောင့် ခုတင်(၂၀၀) ဆေးရုံကြီးအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီခွဲတွင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဘိုကလေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းဦးက ဆေးရုံတည်ဆောက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးသိန်းအောင်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆေးရုံအဆောက်အအုံပုံစံငယ်နှင့် ဆေးရုံတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘိုကလေးမြို့ မြို့တော်ခန်းမ တည်ဆောက်ဖွင့်လှစ်ပြီးစီးမှုနှင့် မြို့ဖွံ့ဖြိုးစည်ပင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဘိုကလေးမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင် ရှုရပ်မှနေ၍ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်နေမှု အခြေအနေနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဝင် လမ်းများနှင့် ဆက်စပ်သွားလာနိုင်မည့် အခြေအနေကို ဆွေးနွေးမေးမြန်းရာ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းလုပ်ငန်းခွင်၌ ပင်မတံတားတိုင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဘိုကလေးမြစ်ကူးတံတား စီမံကိန်းသည် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီနှင့် ဘိုကလေး-မော်လမြိုင်ကျွန်းမြို့တို့ကို ဆက်သွယ်သွားလာနိုင်ရန် ဘိုကလေးမြစ်ကို

နိုင်ငံတော်ဝန်[...]
မြို့နယ်ပြည်သူ့ဆေ[...]

ဖြတ်ကျော်တည်ဆော[...]
ဖြစ်သည်။ တံတားအရှ[...]
မည်ဖြစ်သည်။ တံတားခ[...]
ရှိမည်ဖြစ်ပြီး ၂၈ ပေဒ[...]
သွားတံတားအဖြစ် [...]
မည်ဖြစ်သည်။

တံတားကြီးကို [...]
ဝန်ကြီးဌာန ပြည်[...]
လုပ်ငန်း တံတားဆော[...]
အထူးအဖွဲ့(၅)က ၂၀၁[...]
ရက်မှ စတင်၍ တာ[...]
လျက်ရှိပြီး ယခုအခါ [...]
လုပ်ငန်းများကိုဆောင်[...]

အဆိုပါ တံတားကြီ[...]
မြစ်ဝကျွန်းပေါ်ဒေသ [...]
တိုးတက်ရေးစီမံကိန်းတ[...]
လမ်းအမှတ်(၅) ဘို[...]
ထော်ပိုင်-အမာလမ်းနှ[...]
ဘိုကလေး-ကြိမ်ချောင်း-[...]

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖျာပုံမြို့ ခုတင်(၂၀၀)တိုးချဲ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြစ်ကူးတံတား[...] စီမံကိန်း ရှင်းလင်းဆောင်ရှုရပ်မှ တည်ဆောက်ရေးလုပ်ငန်းခွင်ကို [...] စဉ်။

ဖျာပုံမြို့ ခုတင်(၂၀၀) တိုးချဲ့ဆေးရုံကြီးရှိ ခွဲစိတ်ကုသဆောင်အတွင်း တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ[...]

ယနေ့နံနက[...]

လွန်ခဲ့သော ၂၄[...]
ပင်လယ်အော်အလယ[...]
ချင်းပြည်နယ်၊ ကယ[...]
ဧရာဝတီတိုင်းဒေသ[...]
စစ်ကိုင်းတိုင်းဒေသကြီ[...]
ရှမ်းပြည်နယ်၊ ရခိုင်[...]
မန္တလေးတိုင်းဒေသကြီ[...]

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့

INTERNATIONAL DAY OF OLDER PERSONS

1st October 2010

"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

"TOWARDS A SOCIETY FOR ALL AGES"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မော်လမြိုင်ကျွန်းမြို့ ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်သည်
မြို့တော်ခန်းမ တည်ဆောက်
နှင့် မြို့ဖွံ့ဖြိုးစည်ပင်နေမှု
တို့ကို လှည့်လည်ကြည့်ရှု
။
င့် ဘိုကလေးမြစ်ကူးတံတား
ရေးစီမံကိန်းသို့ ရောက်ရှိပြီး
င် ရှုရပ်မှနေ၍ တံတား
ရေးလုပ်ငန်းခွင်ကို ကြည့်ရှု
။

ရှင်းလင်းတင်ပြ

ရှင်းလင်းဆောင်၌ နိုင်ငံတော်
း ဆောက်လုပ်ရေး ဝန်ကြီး
ဦးခင်မောင်မြင့်က တံတား
နေမှု အခြေအနေနှင့်
ာ အချက်အလက်များကို
ပြသည်။
က် နိုင်ငံတော်ဝန်ကြီးချုပ်က
ဆောက်ပြီးစီးပါက ဧရာဝတီ
ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုး
စီမံကိန်းဝင် လမ်းများနှင့်

ဖြတ်ကျော်တည်ဆောက်မည့် တံတားကြီးဖြစ်သည်။ တံတားအရှည်မှာ ၃၇၆၆ ပေရှိမည်ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ၇၅ တန်ရှိမည်ဖြစ်ပြီး ၂၈ ပေအကျယ်ရှိ နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)က ၂၀၁၀ ခုနှစ် ဇူလိုင် ၉ ရက်မှ စတင်၍ တာဝန်ယူတည်ဆောက်လျက်ရှိပြီး ယခုအခါ ပင်မတံတားတိုင်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံတားကြီးသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်သည့် လမ်းအမှတ်(၅) ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းနှင့် လမ်းအမှတ်(၆) ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းတို့ကို ပေါင်းကူးဆက်စပ်ပေးမည့် တံတားကြီးဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် မော်လမြိုင်ကျွန်းမြို့ ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က ဆေးရုံတည်ဆောက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ဆေးရုံ၏ ပင်မအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းမှာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်လမြိုင်ကျွန်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေး ရှင်းလင်းဆောင်၌ ဆေးရုံအဆောက်အအုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

...တော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြစ်ကူးတံတားတည်ဆောက်ရေး ...င်းလင်းဆောင်ရှုရပ်မှ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေး (သတင်းစဉ်)

လာနိုင်မည့် အခြေအနေကို
မှန်းရာ ဝန်ကြီး ဦးခင်မောင်
န်ရှိသူများက ပြန်လည်
ပြကြသည်။
၍ နိုင်ငံတော်ဝန်ကြီးချုပ်
းလုပ်ငန်းခွင်၌ ပင်မတံတား
ာက်နေမှုကို ကြည့်ရှုစစ်ဆေး
သူများအား လိုအပ်သည်များ
ည်း ဆောင်ရွက်ပေးသည်။
မြစ်ကူးတံတား စီမံကိန်းသည်
ြိမ်ချောင်း-ကဒုံကနိနှင့် ဘိုက
မြိုင်ကျွန်းမြို့တို့ကို ဆက်သွယ်
န် ဘိုကလေးမြစ်ကို

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပြင်ဦးလွင်မြို့တွင် ၄ ဒသမ ၁၇ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ မချမ်းဘောမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ အမရပူရမြို့တွင် ၂ ဒသမ ၄၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ စစ်ကိုင်းမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၅၃ လက်မ၊ စဥ့်ကူးမြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် မတ္တရာမြို့တွင် ၁ ဒသမ ၁၄ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

စက်တင်ဘာ ၂၈ ရက် ညနေထိခန့်မှန်းချက်။ ။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ကန်ဒါဟာမြို့အနီးဝန်းကျင် ဒေသများ၌ နေတိုးတပ်ဖွဲ့ စစ်ဆင်ရေးလုပ်ငန်း စတင်

ကဘူး စက်တင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန် သူပုန်အဖွဲ့ဝင်များ ခြေကုပ်ပြုရာ ကန်ဒါဟာမြို့ အနီးဝန်းကျင်ဒေသများမှ ၎င်းတို့ကို မောင်းထုတ်နိုင်ရန် အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့များက လွန်ခဲ့သည့် ရက်သတ္တပတ်မှစ၍ စစ်ဆင်ရေးလုပ်ငန်းများ စတင်ပြုလုပ်လျက်ရှိကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးကြောင်း၊ ၎င်းတို့အနက် နှစ်ဦးမှာ တနင်္ဂနွေနေ့က ဖြစ်ပွားသော လမ်းဘေးဗုံး ပေါက်ကွဲမှုအတွင်း သေဆုံးရခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ် သတင်းစာ၌ ဖော်ပြသည်။

အာဂန်ဘက်၊ ဇာရီနှင့် ပန်ဂျာဝီခရိုင်များ၌ လွန်ခဲ့သည့် ခြောက်ရက်မှ စ၍ စစ်ဆင်ရေးလုပ်ငန်း၏ ပထမအဆင့်ကို စတင် လိုက်ပြီဖြစ်ကြောင်း မြို့တော်ကဘူးရှိ နေတိုးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဂျိုးဆက်ဘလေ့က ပြောကြားသည်။

တိုက်ပွဲများ ပြင်းထန်လာမည်ဟု မျှော်လင့်ရကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံတွင် အရေးအကြီးဆုံး စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဘလေ့၏ ပြောကြားချက်ကို ကိုးကားလျက် နယူးယောက်တိုင်းမ် သတင်းစာက ရေးသားဖော်ပြသည်။

ကန်ဒါဟာပြည်နယ်တွင် ရည်မှန်းချက်ကြီးမားသည့် စစ်ဆင်ရေး လုပ်ငန်းတစ်ရပ်ကို ဇွန်လတွင်စတင်ရန် မျှော်မှန်းခဲ့သော်လည်း စစ်ဆင်ရေး ဆင်နွှဲရန်ကြန့်ကြာမှု ဖြစ်ပေါ်ခဲ့သည်။ **နယူးယောက်တိုင်းမ်။**

ဂျူးအခြေစိုက်အိမ်ရာ တည်ဆောက်မှု ဆိုင်းငံ့ကာလ သက်တမ်းကုန်ဆုံး အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲအနာဂတ် မရေမရာဖြစ်ဆဲ

ဂျေရုစလင် စက်တင်ဘာ ၂၇ - အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ထွက်ခွာသင့်၊ မခွာသင့်ကို ဆုံးဖြတ်ရန် အနည်းဆုံး သီတင်းတစ်ပတ် အချိန်ယူ စဉ်းစားသွားမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က တနင်္လာနေ့တွင် ပြောကြားသည်။

ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် အနောက်ဘက်ကမ်းဒေသရှိ အစ္စရေးအခြေစိုက် အိမ်ရာများတည်ဆောက်မှု ဆိုင်းငံ့ကာလ သက်တမ်းကုန်ဆုံးပြီးနောက် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ရှေ့ဆက်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရန် အမေရိကန်စေ့စပ်ညှိနှိုင်းရေးမှူးများအနေဖြင့် အချိန်ရရှိနိုင်မည်ဖြစ်သည်။

ဂျူးအခြေစိုက် အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလ သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းပြန်လည် စတင်နေသော အစ္စရေး စက်ယန္တရားများ။

အနောက်ဘက်ကမ်းဒေသ၌ အစ္စရေး အခြေစိုက်အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလသည် စက်တင်ဘာ ၂၆ ရက် သန်းခေါင်ယံတွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည်။ အစ္စရေးအိမ်ရာများတည်ဆောက်မှု ပြန်လည်စတင်ပါက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ နုတ်ထွက်မည်ဖြစ်ကြောင်း ပါလက်စတိုင်း သမ္မတမာမွတ် အဘတ်စ်က ယခင်က ပြောကြားခဲ့ပြီးဖြစ် သည်။

သို့ရာတွင် ပြင်သစ်နိုင်ငံ ပါရီမြို့ အလည်အပတ်ခရီးစဉ်အတွင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ နုတ်ထွက်ရန် ၎င်းအနေဖြင့် အဆောတလျင် ဆုံးဖြတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အစ္စရေးအိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလ သက်တမ်းကုန်ဆုံးပြီးနောက် အစ္စရေးဝန်ကြီးချုပ်ရုံးက တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်၌ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်အနေဖြင့် အစ္စရေးဝန်ကြီးချုပ်နှင့်အတူ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ရှေ့ဆက်ရန် တောင်းဆိုထားသည်။ **အေပီ။**

တရုတ်နှင့် ရုရှားစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်

ပေကျင်း စက်တင်ဘာ ၂၇

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည့် သဘောတူညီချက်များကို တနင်္လာနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးရန်ဆန္ဒရှိကြောင်း ရုရှားနိုင်ငံက ပြောကြားသည်။

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ် ပေကျင်းသို့ အလည်အပတ် ရောက်ရှိနေစဉ် လက်မှတ်ရေးထိုးခဲ့သော သဘောတူညီမှုများ၌ ငွေကြေးပမာဏကို ဖော်ပြမထားသော်လည်း ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ နျူကလီးယားစွမ်းအင်နှင့် ပြန်လည်ပြုပြင်နိုင်သော စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြမည့်အချက်များ ပါဝင်သည်။

တရုတ်နိုင်ငံသို့ ၂၀၁၅ ခုနှစ်မှ စတင်၍ သဘာဝဓာတ်ငွေ့ပေးပို့မည့် အစီအစဉ်များကို တရုတ်တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် အိုင်ဂေါ်စီချင်က သတင်းထောက်များအား ပေကျင်းမြို့၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားသမ္မတမက်ဗီဒက်ဗ်သည် သုံးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို စက်တင်ဘာ ၂၆ ရက်မှ စတင်ခဲ့ပြီး တရုတ်သမ္မတဟူကျင်ထောင်းနှင့် တနင်္လာနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ **အေပီ။**

ပါလက်စတိုင်းလိုလားသူ ဂျူးလူမျိုးများလိုက်ပါသည့် ရွက်လှေ ဂါဇာသို့ ဦးတည်

ဂျေရုစလင် စက်တင်ဘာ ၂၇ - အစ္စရေးရေတပ်က ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားသော်ငြားလည်း ကမ္ဘာတစ်ဝန်းရှိ ပါလက်စတိုင်းလိုလားသူ ဂျူးလူမျိုးများက ကမကထပြု စီစဉ်သော ဂါဇာထောက်ပံ့ရေး ရွက်သင်္ဘောတစ်စင်းသည် ဂါဇာကမ်းမြောင်ဒေသသို့ ဦးတည်ရွက်လွှင့်လျက်ရှိကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြထားသည်။

ပါလက်စတိုင်း လိုလားသူ ဂျူးလူမျိုးများ လိုက်ပါသော ဂါဇာထောက်ပံ့ရေး ရွက်သင်္ဘော ဂါဇာကမ်းမြောင်သို့ ဦးတည်ရွက်လွှင့်စဉ်။

အဆိုပါ ရွက်သင်္ဘောငယ်သည် ဆိုက်ပရပ်စ်နိုင်ငံမှ စက်တင်ဘာ ၂၆ ရက်တွင် စတင်ရွက်လွှင့်ပြီး ဂါဇာကမ်းမြောင်သို့ ဦးတည်သွားရောက်လျက်ရှိသည်။ ယင်းသင်္ဘောပေါ်တွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ဂျာမနီနှင့် အစ္စရေးနိုင်ငံတို့မှ ဂျူးလူမျိုးခရီးသည်များနှင့် သင်္ဘောအမှုထမ်း စုစုပေါင်း ၁၀ ဦး လိုက်ပါလာသည်။

အိုင်ရင်းအမည်ရှိ ရွက်သင်္ဘောငယ်သည် ဂါဇာကမ်းမြောင်သို့ သွားရောက်၍ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နိုင်ရန် အကြမ်းမဖက်လမ်းစဉ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း ခရီးစဉ်ကို စီစဉ်သူများက ပြောကြားသည်။

အဆိုပါ ရွက်သင်္ဘော၏ ခရီးစဉ်ကို အစ္စရေးအာဏာပိုင်များက စစ်ဆေးမေးမြန်းမည်ဖြစ်ပြီး ဂါဇာဒေသသို့ သွားရောက်မည်ဆိုပါက ယင်းအစား ဂါဇာဒေသအနီး အီဂျစ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ အယ်လ်အာရစ်ရှိ ဆိပ်ကမ်း၌ ဆိုက်ကပ်ရန်နှင့် အစ္စရေး ဟက်ရှ်ဒေါ့ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန် ရွေးချယ်ခွင့်ပြုမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

အကယ်၍ ယင်းရွက်သင်္ဘောသည် အစ္စရေးအာဏာပိုင်များ၏ တောင်းဆိုချက်များကို ငြင်းဆန်ခဲ့ပါက ကြားဖြတ်ဟန့်တား၍ အစ္စရေးနိုင်ငံ ဟက်ရှ်ဒေါ့ဆိပ်ကမ်းသို့ ဆွဲယူသွားမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **အင်တာနက်။**

အာဆီယံခေါင်းဆောင်များနှင့် အမေရိကန်အစည်းအဝေးတွင် ဖိလစ်ပိုင်အလံပြောင်းပြန်ဖြစ်နေမှု မတော်တဆမှားယွင်းမှုဟုဆို

မနီလာ စက်တင်ဘာ ၂၇

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပသော အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အမေရိကန်သမ္မတ ဘာရက်အိုဘားမားတို့၏ တွေ့ဆုံဆွေးနွေးပွဲတွင် ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံတော်အလံကို ပြောင်းပြန်ထားရှိခဲ့ခြင်းသည် ရိုးသားစွာလုပ်ဆောင်မိခဲ့သော အမှားအယွင်းတစ်ရပ်သာဖြစ်ကြောင်း အမေရိကန်အစိုးရက စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ယင်းအစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတ ဘင်နစ်နိုအကွီနို-၃၏ ကျောဘက်တွင် ထားရှိခဲ့သော ဖိလစ်ပိုင်နိုင်ငံတော်အလံသည် ပြောင်းပြန်ဖြစ်နေကြောင်း သိရသည်။ ယင်းကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတော်အလံကို ပြောင်းပြန်ထားရှိခြင်းသည် ယင်းနိုင်ငံသည် စစ်ဖြစ်နေဆဲအခြေအနေတွင်ရှိကြောင်း ဖော်ညွှန်းခြင်းဖြစ်သည်။

အဆိုပါအလံ ပြောင်းပြန်ထားရှိမိသော ဖြစ်ရပ်သည် ရည်ရွယ်မှုမရှိသော အမှားအယွင်းသာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နှင့် အမေရိကန်အကြား နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးကို တန်ဖိုးထားပါကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ ယင်းဖြစ်ရပ် မည်သို့ဖြစ်ပွားခဲ့သည်ဆိုသည့် အချက်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမည်ဟုလည်းဆိုသည်။

စက်တင်ဘာ ၂၆ ရက်က ဖိလစ်ပိုင်အစိုးရ၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ခဲ့သော ဓာတ်ပုံတစ်ပုံ၌ အမေရိကန်သမ္မတနှင့် ဘေးချင်းကပ်ယှဉ်ထိုင်နေသူ ဖိလစ်ပိုင်သမ္မတ၏ နောက်ကျောဘက်ရှိ ဖိလစ်ပိုင်အလံသည် ပြောင်းပြန်ဖြစ်နေကြောင်းသိရသည်။ **အေပီ။**

ကမ္ဘာ့အမြင့်ဆုံးရထားလမ်း တိုးချဲ့ဖောက်လုပ်မှု တရုတ်နိုင်ငံ တိဘက်ဒေသ၌ စတင်ပြီ

ပေကျင်း စက်တင်ဘာ ၂၇

တရုတ်နိုင်ငံတွင် ကမ္ဘာ့အမြင့်ဆုံး ရထားလမ်းတိုးချဲ့မှုလုပ်ငန်းကို စတင်လိုက်ပြီဖြစ်ကြောင်း ချိုင်းနားဒေးလီးသတင်းစာက ယနေ့ရေးသားဖော်ပြသည်။

တိဘက်ဒေသမြို့တော် လာဆာမှ ယင်းဒေသရှိ ဒုတိယ အကြီးဆုံးမြို့ကြီးဖြစ်သော ကျီဂါဇီမြို့သို့ ဆက်သွယ်သော ရထားလမ်းသစ်ကို ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သော ကျင်ဟိုင်း-တိဘက် ရထားလမ်းကို ပထမဆုံးအကြိမ် တိုးချဲ့ဖောက်လုပ်ခြင်းဖြစ်ကြောင်း တရုတ်ရထားလုပ်ငန်း ဝန်ကြီးလျူကျီယွန်၏ ပြောကြားချက်ကို သတင်းစာက ရေးသားဖော်ပြသည်။

လာဆာ-ကျီဂါဇီ ရထားလမ်းသည် ၂၅၃ ကီလိုမီတာ ရှည်လျားပြီး စက်တင်ဘာ ၂၆ ရက်မှ စတင်ကာ ရထားလမ်းကို ဖောက်လုပ်ကြောင်း၊ လေးနှစ်ကြာ တည်ဆောက်ရမည်ဖြစ်ပြီး ရန်ပုံငွေ ယွမ် ၁၃ ဒသမ ၃ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၉၈ ဘီလီယံ) ကျခံသုံးစွဲရမည်ဖြစ်ကြောင်း လျူကျီယွန်က ပြောကြားသည်။

တိဘက်ဒေသ အနောက်တောင်ပိုင်းတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးချဲ့နိုင်ရန် ရည်ရွယ်လျက် ရထားလမ်းသစ် တိုးချဲ့ဖောက်လုပ်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကျင်ဟိုင်း-တိဘက် ရထားလမ်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဒေသ၌ တည်ရှိသော ရထားလမ်း ဖြစ်သည်။ ယင်းရထားလမ်း၏ ကီလိုမီတာ ၉၆၀ အရှည်ရှိ လမ်းပိုင်းမှာ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၀၀ အမြင့်တွင်တည်ရှိသည်။

တိဘက်ဒေသ မြို့တော်လာဆာမှ ယင်းဒေသ အရှေ့တောင်ပိုင်းရှိ ညင်ချီမြို့သို့လည်း ရထားလမ်းသစ်ဖောက်လုပ်ရန် အစီအစဉ်ရှိသည်ဟု ရထားလုပ်ငန်း ဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

☆ ဖြုတ်ညိုပိုးရန်မှ

နွားမွေးခြံများတွင်လည်းကောင်း အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ ယင်းဖြုတ်ပိုးတွင် အမျိုးအစားလေးမျိုးရှိသည်။ ယင်းတို့မှာ ဖြုတ်ညို၊ ဖြုတ်ကျောဖြူ၊ ဖြုတ်စိမ်း၊ ကျောတွန့် ဖြုတ်ပိုးတို့ဖြစ်သည်။ ဖြုတ်ပိုးအားလုံးသည် သီးနှံများကို ဖျက်ဆီးကြသည်။ ယင်းတို့အနက် ဖြုတ်ညိုပိုးမှာ အဆိုးဆုံးဖြစ်သည်။ စပါးသီးနှံတွင် တံစဉ်လွတ်သည်အထိ လုံးဝပျက်စီးနိုင်သည်။ ဖြုတ်ညို ကျရောက်ပါက စပါးခင်းတစ်ကွင်းလုံး မီးလောင်ထားသကဲ့သို့ တွေ့မြင်ရသည်။ ဖြုတ်ညိုသည် စပါးပင်အား တိုက်ရိုက်ဖျက်ဆီးနိုင်သကဲ့သို့ မြက်စုပင်တိုရောဂါနှင့် ရွက်နားစုတ်ပင်တို ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်ပိုးများကို သယ်ဆောင်နိုင်သဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဝန်ထမ်းနှင့် တောင်သူများ အလေးထားကာ ပူးပေါင်းကာကွယ်ရမည့် ပိုးတစ်မျိုးဖြစ်သည်။

ယခုအခါ အာရှတိုက်၏ စပါးထုတ်လုပ်ရေးကို ဖြုတ်ညိုပိုးသည် စိန်ခေါ်လျက်ရှိနေပြီဖြစ်သည်။ အကြောင်းမှာ ၂၀၀၇ ခုနှစ် နောက်ပိုင်းမှစ၍ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများတွင် ဖြုတ်ညိုပိုး တစ်ဟုန်ထိုး ကောင်ရေများပြားလာသည်ကို တွေ့လာရသောကြောင့်ဖြစ်သည်။ ၂၀၁၀ ခုနှစ်အတွင်း တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံများတွင် ဖြုတ်ညိုပိုးကြောင့် သီးနှံထွက်ရှိမှု ဆိုးရွားစွာကျဆင်းခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံတွင် ဖြုတ်ညိုပိုးကျရောက်မှုကြောင့် ၂၀၀၆ ခုနှစ်တွင် စပါးဟက်တာ ၉ ဒသမ ၄ သန်း၊ ၂၀၀၇ ခုနှစ်တွင် ၈ ဒသမ ၇ သန်းထိခိုက်ပျက်စီးခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁၉၉၈ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်များတွင် ဟက်တာငါးသိန်းခန့် ထိခိုက်ပျက်စီးပြီး အမေရိကန်ဒေါ်လာ သန်း ၁၆၀ ဖိုး ဆုံးရှုံးခဲ့ကြောင်းသိရသည်။ အဆိုပါ ထိုင်းနိုင်ငံတွင်ပင် ၂၀၁၀ ခုနှစ်တွင် ခရိုင်လေးခရိုင်၌ ဟက်တာ ၅၀၀၀၀ အထိ ထိခိုက်ပျက်စီးနေပြီဖြစ်ပြီး ယင်းထက် ပိုမိုဆိုးရွားနိုင်မည်ဟု ခန့်မှန်းထားသည်။ နိုင်ငံတကာမှ အလေးထားစောင့်ကြည့်နေရသည့် အခြေအနေဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ Dr. K. LHeong က မြန်မာနိုင်ငံ၌ ဖြုတ်ပိုးကြောင့် ဆိုးဆိုးရွားရွား မထိခိုက်ခြင်းမှာ စပါးမျိုး တစ်မျိုးတည်းမစိုက်ဘဲ စပါးမျိုးများများစိုက်ခြင်း၊ စပ်မျိုးစပါးစိုက်ပျိုးမှု နည်းနေသေးခြင်းများကြောင့် ဖြစ်ကြောင်း၊ သို့သော် ပတ်ဝန်းကျင်နိုင်ငံများမှ ရောက်ရှိနိုင်သဖြင့် ဂရုစိုက်ရန်လိုကြောင်း၊ မိမိအနေဖြင့် ဝန်ထမ်းများအား ကာလတိုသင်တန်းပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

မြန်မာနိုင်ငံတွင် ၁၉၉၈-၉၉ ခုနှစ် မိုးစပါးရာသီ ပြည်နယ်နှင့် တိုင်း ၁၀ ခု၊ မြို့နယ်ပေါင်း ၄၈ မြို့နယ်တွင် ဧရိယာဧကပေါင်း ၈၈၀၂၉ ဧက ဖြုတ်ပိုးကျရောက်ခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ စပါးခင်းများကို ဖြုတ်ညိုပိုး အမြောက်အမြားကျရောက် ဖျက်ဆီးခဲ့သည်။ ဖြုတ်ညိုပိုးသည် မြန်မာနိုင်ငံအနှံ့အပြားတွင်လည်း ကျရောက်နိုင်ပြီး အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် တွေ့ရသည်။ ၂၀၁၀ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်တို့တွင် ဖြုတ်ပိုးများ ဧရိယာဧက ၁၃၀ ကျော်တွင်ကျရောက်ခဲ့ရာ မြန်မာ့စိုက်ပျိုးရေးဝန်ထမ်းနှင့် တောင်သူများ ပူးပေါင်းနှိမ်နင်းနိုင်ခဲ့ပါသည်။ အထူးသဖြင့် မနောသုခစပါးခင်းတွင် ဖြုတ်ကျောဖြူနှင့် ဖြုတ်ညိုတို့ ဆိုးရွားစွာကျရောက်ခဲ့ကြောင်းတွေ့ရသည်။ ပိုးကောင်ငယ်အဆင့်နှင့် အကောင်ကြီးများသည် စပါးပင်၏သစ်ရည်ကို စုပ်စားသောကြောင့် အပင်၏အစာရေကြောစည်းအတွင်းမှ သစ်ရည်များ ကုန်ခန်းခြင်းနှင့် ဖြုတ်ပိုးမှထုတ်သော တံတွေးကြောင့် အဆိပ်သင့်ကာ အပင်ခြောက်သွေ့ပြီး သေဆုံးခြင်း ဖြစ်သည်။

ဖြုတ်ပိုးကျရောက်မှုမှာ ရာသီဥတုနှင့် ဆက်စပ်မှုအများဆုံးရှိသည်။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းသုံးမျိုးလုံးတွင် မိုးရေချိန်များပါက လည်းကောင်း၊ နေပူလိုက် မိုးရွာလိုက်ဖြစ်နေလျှင်လည်းကောင်း ကျရောက်တတ်သည်။ စွတ်စိုသော နှစ်များတွင် ဆိုးရွားစွာကျရောက်တတ်သည်။ ဖြုတ်ညိုအမသည် ၄က်ပျောသီးသဏ္ဍာန် အဝါဖျော့ရောင်ဥများကို အစုလိုက် အရွက်၏ တစ်သျှူးသားအတွင်း ထိုးသွင်းဥသည်။ အမတစ်ကောင်မှ ဥပေါင်း ၁၀၀-၃၀၀ ဥနိုင်သည်။ အကောင်ကြီးမှာ ၂-၃ မီလီမီတာထိ ရှိပြီး ပိုးကောင်ငယ်မှာ သုည ဒသမ ၃ မီလီမီတာရှိသည်။ ဥမှ အကောင်ငယ်ထိ ၅-၉ ရက်၊ အကောင်ငယ်မှ အကောင်ကြီးထိ ၁၂-၁၈ ရက်သာကြာသည်။ အပူချိန်မြင့်မားပါက မျိုးပွားနှုန်း ပိုမိုလျင်မြန်သည်။ ဖြုတ်စိမ်းသည် စပါးပင်သက်တမ်းနုစဉ် ကျရောက်တတ်ပြီး ဖြုတ်ညိုကျရောက်မှုမှာ ပင်ပွားစည်းချိန်မှ အနှံထွက်ချိန်အထိ အများဆုံးကျရောက်တတ်သည်။

ဖြုတ်ညိုကျရောက်မှု အများဆုံးကျရောက်စေသည့် အကြောင်းများမှာ ပိုးသတ်ဆေးများ သုံးစွဲမှုများခြင်း၊ ပိုးသတ်ဆေးပက်ဖျန်းချိန် မမှန်ခြင်း၊ ပိုးသတ်ဆေးဖျန်းရာတွင် ဖြုတ်ပိုးများ ခိုအောင်းနေသည့် စပါးပင်အောက်ခြေအထိရောက်အောင် မဖျန်းနိုင်ခြင်း၊ နိုက်ထရိုဂျင်ဓာတ်မြေဩဇာများ လွန်ကဲစွာသုံးစွဲခြင်း၊ ဧရိယာတစ်ခုတည်း စပါးမျိုးတစ်မျိုးတည်း နှစ်စဉ်ဆက်တိုက် စိုက်ပျိုးခြင်းတို့အပြင် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့်ဖြစ်သည်။

ဖြုတ်ညိုပိုးကျရောက်ပါက ပိုးသတ်ဆေးတစ်မျိုးတည်း သုံး၍ကာကွယ်ပါက ပတ်ဝန်းကျင်ရှိ မိတ်ဆွေပိုးများကို သေစေသည့်အပြင် ဖျက်ပိုးများသည် တဖြည်းဖြည်း ပိုးသတ်ဆေးကို ခံနိုင်ရည်ရှိလာနိုင်သည်။ အကောင်းဆုံးကာကွယ်နည်းမှာ အောက်ပါဘက်စုံကာကွယ်နည်းများဖြစ်သည်။

(က) စပါးတစ်မျိုးတည်း နှစ်စဉ်စိုက်ပျိုးခြင်းကို ရှောင်ရန်၊
(ခ) ပတ်ဝန်းကျင်တွင် ပေါင်းမြက်များမရှိစေရန်၊
(ဂ) စပါးလမိုင်းမထားရန်၊
(ဃ) ယခင်နှစ်က ဖြုတ်ပိုးကျရောက်ခဲ့ပါက မီးရှို့၍ ထယ်ရေးနက်နက်ထိုးရန်၊
(င) ယူရီးယားဓာတ်မြေဩဇာကို လိုသည်ထက် ပိုမသုံးရန်၊
(စ) ရေသွင်းရေထုတ် ပုံမှန်ပြုလုပ်ပေးရန်၊
(ဆ) ပိုတက်ဓာတ်မြေဩဇာကိုမှန်မှန်ထည့်ပေးရန်၊
(ဇ) တိုက်ရိုက်အစေ့ချ စိုက်ခင်းကို ပိုမိုကျရောက်တတ်သဖြင့် သေချာစွာဂရုစိုက်ရန်၊
(ဈ) အဝါရောင်၊ အဖြူရောင်အပွင့်ရှိသည့် ကန်သင်းသီးနှံ (ဥပမာ-နေကြာ၊နှမ်း) စိုက်ပေးရန်၊
(ည) အပတ်စဉ် ကင်းထောက် မှတ်တမ်းယူရန်၊ (မီးထောင်ချောက်ဖြင့် မှတ်တမ်းယူသင့်သည်)၊ စပါးပင်တစ်အုံတွင် ဖြုတ်ပိုးငါးကောင် တွေ့ရှိပါက ပတ်ဝန်းကျင်ကို ပင်လုံးပြန့် ပိုးသတ်ဆေး (Dimethoate, Acephate, Padan, Laser) စသည့် ဆေးတစ်မျိုးမျိုးဖျန်းပေးရန်၊ ပိုးသတ်ဆေးပက်ဖျန်းရာတွင် ပိုးကျသည့်အကွက်၏ အပြင်ဘက်မှ ပက်ဖျန်းရန်၊
(ဋ) ဖြုတ်ပိုးကျရောက်ပါက စပါးအခြေခံ သီးနှံပုံစံပြောင်းလဲချမှတ်စိုက်ပျိုးရန်တို့ကို လိုက်နာဆောင်ရွက်ရန်လိုသည်။

ဖြုတ်ညိုပိုးကြောင့် တောင်သူများ လယ်ယာထုတ်လုပ်မှု လျော့နည်းကာ စီးပွားရေးထိခိုက်မှုမရှိစေရေးအတွက် မိမိတို့လယ်ယာများကို စဉ်ဆက်မပြတ် ဂရုစိုက်ပြီး ဖြုတ်ပိုးလေးများ စတင်တွေ့ရှိရပါက နီးစပ်ရာမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ အကြောင်းကြားကာ ဖြုတ်ညိုပိုးရန်ကို ဝန်ထမ်းနှင့်တောင်သူ ပူးပေါင်းတွန်းလှန်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။

စပ်မျိုးစပါး၌ ဖြုတ်ညိုပိုးကြောင့် ပျက်စီးနေပုံနှင့် ပိုးကျရောက်သဖြင့် ပိုးသတ်ဆေးဖျန်းပြီး နှစ်ရက်အကြာတွင် တွေ့ရပုံ။

မီးဘေးကြိုတင်ကာကွယ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မိုင်းဖြတ်မြို့ မြို့မဈေးအတွင်း ဈေးမီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မခြူးလက်ဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၇

လိုင်စင်မဲ့ကားတွေ အခွန်ဆောင်တာပိတ်ပြီးနောက် ဈေးကွက်အတွင်းရှိ ကားများကို ၁၅ ရာခိုင်နှုန်းဈေး တိုးမြှင့်ရောင်းချနေ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ် ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၄၇)ကို ယနေ့ဖြန့်ချိလိုက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးအောင်သိန်းလင်းနှင့် တွေ့ဆုံစဉ်က မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သော ဆောင်ရွက်ချက်များအကြောင်း၊ ပြောရဲဆိုရဲပြောနိုင်ဆိုနိုင်တဲ့သူတွေ လွှတ်တော်ထဲမှာ ပိုများဖို့လိုအပ်တယ်၊ ဒါနိုင်ငံရေးပဲဆိုတဲ့ တစ်သီးပုဂ္ဂလိကကိုယ်စားလှယ်လောင်း ဒေါ်ယုဇာမော်ထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ လွှတ်တော်ထဲရောက်မှတော့ ပြည်သူကို ဗိုလ်ကျမယ့်သူကိုတော့ မဲမပေးစေချင်ဘူးဆိုတဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးတင်ဆန်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဒေါက်တာနေဇင်လတ်၏ ထို့ကြောင့်စာဖတ်ကြသည်၊ နေပြည်တော် -ရန်ကုန် မြန်နှုန်းမြင့် လျှပ်စစ်ရထားလမ်းဖောက်လုပ်ရန်စီစဉ်ပြင်ဆင်၊ Sponsor ရှာရင်သတိထားပါ၊ ကုန်သည်ကြီးများဟိုတယ်တွင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄ ဦးက သတင်းစာရှင်းလင်းပွဲပြုလုပ်၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာမယ့်အစိုးရသစ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယားနိုင်ငံကပြင်ဆင်၊ ပြည်ပမှတင်သွင်းလာသည့် တရားမဝင် လိုင်စင်မဲ့ကားများကို ကာလတန်ဖိုးစိစစ်သတ်မှတ်ပြီး ယာယီရပ်ဆိုင်း၊ နေပြည်တော်တွင်ချထားပေးသောကျပ်ငါးသိန်းတန် CDMA 450MHz ဖုန်းများကို ရန်ကုန်မြို့တွင် အမည်ပေါက်ဝယ်ယူရရှိနိုင်၊ အီရန်သို့ထောက်လှမ်းသိရှိမှုမခံရဘဲ ရောက်ရှိနိုင်သည့်ခေတ်မီ အမေရိကန် ဂျက်တိုက်လေယာဉ်များ အစ္စရေးဝယ်ယူရန်ရှိ၊ အီရန်ကို ကိုယ်စားစစ်တိုက်ရန် ဆော်ဒီအာရေဗျအား အမေရိကန်လက်နက်တပ်ဆင်ပေးနေခြင်းလား၊ အစ္စရေးတို့၏ နျူကလီးယားလက်နက်များကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ လက်နက်အပြိုင်အဆိုင် တပ်ဆင်ကြတော့မည်၊ ပြဿနာအစစ်နှင့်အတုတို့ ယှဉ်ပြိုင်ဖုံးကွယ်လျက်ရှိနေသည့် နျူကလီးယား စစ်ပွဲကြီး၏အန္တရာယ်များစသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

စက်တင်ဘာ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့နယ် ကျွန်းတောကုန်း အထက(ခွဲ)ကျောင်းနှင့် လွှစာအင်း အမကကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင် (ဆန္ဒမွန်ဆေးတိုက်)၊ ဦးကျော်သူလင်း-ဒေါ်နှင်းနှင်းထိုက် (ချမ်းငြိမ်းခင် ဆန်စက်ဘရိတ်တုံး)၊ ဒေါ်မိုးသီရိ (စိန်ဆေးရောင်းဝယ်ရေး)နှင့် မကြေးမုံ(နှစ်သက်စရာထမင်းဆိုင်)တို့ ဦးဆောင်သော နှလုံးလှစေတနာရှင်အဖွဲ့က စာရေးကိရိယာမျိုးစုံနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များဖိုရမ် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖွဲ့က ကြီးမှူး၍ အောက်တိုဘာ ၂ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ You can be an Entrepreneur ခေါင်းစဉ်ဖြင့် FORUM ကို ကျင်းပမည်ဖြစ်သည်။

အဆိုပါ FORUM တွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုဌာနမှ ဌာနမှူး ပါမောက္ခ ဒေါက်တာစန္ဒာဦး၊ Cho Cho Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝေဖြိုးတို့က ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။ စီးပွားရေးစွန့်ဦးတီထွင်မှုနှင့် သက်ဆိုင်သော အကြောင်းအရာများကို စိတ်ပါဝင်စားသူ မည်သူမဆို လွတ်လပ်စွာ တက်ရောက် ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

စခန်းဖြစ်ပြီး ယင်းစခန်းရှိ လေဆာကိရိယာဖြင့် တိမ်တိုက်များ၏ အပူချိန်ကို လေ့လာမှတ်သားကာ ရာသီဥတု ပြောင်းလဲလာသည့် အခြေအနေနှင့် ပတ်သက်၍ သုတေသန ပြုလုပ်နိုင်မည်ဖြစ်သည်။

သုတေသနပြု

ဒေးဗစ်စခန်းသည် အယ်လိဇဘက်ကျွန်းတွင် တည်ရှိပြီး ယင်းစခန်း၌ သိပ္ပံပညာရှင်များ အခြေစိုက်နေထိုင်သော ကမ္ဘာ့လေထုလွှာဆိုင်ရာ သိပ္ပံပညာရပ်များ၊ ဇီဝဗေဒ၊ ဘူမိဆိုင်ရာ သိပ္ပံပညာရပ်များ၊ ရေခဲမြစ်ဗေဒ စသည့် ဘာသာရပ်များနှင့် ပတ်သက်၍ သုတေသန ပြုလုပ်လျက်ရှိကြသည်။

လေဆာကိရိယာသစ်

သိပ္ပံပညာရှင်များသည် စွမ်းပကားမြင့်မားသော လေဆာကိရိယာသစ်ကို တပ်ဆင်ရန် စီစဉ်လျက်ရှိကြသည်။

ကမ္ဘာ့လေထုလွှာအတွင်း အပူချိန်အပြောင်းအလဲများကို လေ့လာကာ အိုဇုန်းလွှာ ဖွဲ့စည်းပုံအခြေအနေကို တိတိကျကျသိရှိနိုင်မည် ဖြစ်သည်။

အထောက်အကူပြု

အန္တာတိကဒေသ၏ ရာသီဥတု အခြေအနေကို လေ့လာခြင်းဖြင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာပုံကို သိရှိနိုင်ရန် အထောက်အကူပြုမည် ဖြစ်ကြောင်း သုတေသီ ဒေါက်တာကလီကိုဆစ်က ပြောကြားသည်။

အောဘီစီ။

ဥတုရာသီ တောက်ပုံမှ

စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် 55th Council Meeting of AHF သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းတို့ စက်တင်ဘာ ၂၅ ရက်က မလေးရှားနိုင်ငံသို့ ထွက်ခွာရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (၁၉)

လောကပြတင်း စာကြည့်တိုက် (၁၅)နှစ်ပြည့်အထိမ်းအမှတ် ကျင်းပ

ကညွတ်ကွင်း စက်တင်ဘာ ၂၇

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ လောကပြတင်း စာကြည့်တိုက် (၁၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်တွင် အောင်တော်မူ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကညွတ်ကွင်းဒေသအတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများဖြင့် မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ အလယ်တန်းအဆင့် စကားပြော စွမ်းရည်ပြိုင်ပွဲနှင့် အထက်တန်းအဆင့် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများအား အောင်တော်မူ လူမှုဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဆရာ ဦးတင်စိန်၊ အထက ကျောင်းအုပ်ဆရာမကြီး

ဒေါ်ခင်မော်၊ လောကပြတင်းစာကြည့်တိုက် ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ဧည့်သည်များက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)** (၅၂၁)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်



မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင် ဆိုင်းဘုတ်မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိ သူများ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အင်းမဈေးတွင် မီးဘေးကာကွယ်ရေးအတွက် မီးကြိုး၊ မီးခလုတ်များ သွယ်တန်း ထားရှိမှုနှင့် မီးသတ်ရေကန်၊ မီးသတ်စက် ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပ ရေးအတွက် မြို့အဝင်တံတားထိပ် အိမ်မဲချောင်းကမ်းပါးနံရံတွင် မြေခင်းအလှ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြတံတား လုပ်ငန်းမှ မြောင်းကြီးတော သစ်သားတံတားလုပ်ငန်း ဆောင်ရွက် စဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်း တပ်ဖွဲ့ အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးခင်မောင်နှင့် အဖွဲ့ စက်တင်ဘာ ၂၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရပ်ကွက် ပြည်သူ ၅၇ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောစဉ်။ (ကြေးမုံ)

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ လုပ်ငန်း လမ်းညွှန်သင်တန်းဖွင့်

ဘူးသီးတောင် စက်တင်ဘာ ၂၇

ရခိုင်ပြည်နယ် ဘူးသီးတောင် မြို့နယ် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီ တွင် ဦးဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘစံက အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော် ဥပဒေ၊ နည်းဥပဒေ၊ ပြည်နယ်လွှတ်တော် နည်းဥပဒေ များကို ဥပဒေအရာရှိ ဦးငမဲချေက လည်းကောင်း၊ မြို့နယ် ကော်မရှင်၊ ရပ်/ကျေးကော်မရှင် လုပ်ငန်း လမ်းညွှန်ကို မြို့နယ် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဘစံက လည်း ကောင်း၊ မဲရုံမှူးလမ်းညွှန်ကို ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးပြည်သိမ်းက လည်းကောင်း ဆွေးနွေး ရှင်းလင်းသည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက်/ကျေးရွာ အုပ်စု ၂၅ အုပ်စုမှ မဲရုံမှူး သင်တန်းသား၊ သင်တန်းသူ ၃၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရှိရ သည်။ (မြို့နယ်ပြန်/ဆက်)





ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ်(၅)ရပ်ကွက်၊ ဈေးလမ်း၊ တိုက်အမှတ်(၇၇၄)၊ အခန်းအမှတ်(၁၀၂)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ကျော်လွင် [၇/ဖမန (နိုင်)၀၄၄၆၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းမြင့် [၁၂/ကမတ(နိုင်) ၀၃၇၅၈၉] က ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်အကြောင်း ရှိသူများက ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် သတင်းစာတွင် ကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းငြိမ်း (LL.B)
တရားရုံးချုပ်ရှေ့နေ (စဉ်-၃၄၀၃)
တိုက်(၁၉၂)၊ အခန်း(၂၀၂)၊ အုန်းတောဘုရားလမ်း၊
(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၅၀၄၆၄၈

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

သာယာဝတီခရိုင်တရားရုံး

၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

၂၀၁၀ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၂

ဦးသောင်းရွှေ(ခ)ဦးသံချောင်း နှင့် ၁။ ဦးခင်သောင်း
၂။ ဒေါ်ခင်မာစန်း

ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးခင်သောင်း၊ ဒေါ်ခင်မာစန်း၊ ကိုးပင်ရိုးရွာ၊ လှည်းလမ်းကူးအုပ်စု၊ သာယာဝတီ မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင် ကျရှိသည့် ဒီကရီကို အတည် ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးသောင်းရွှေ (ခ) ဦးသံချောင်း က လျှောက် ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ် သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံး တော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စား လှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် (၁၃၇၂ ခုနှစ်၊ တော် သလင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့ လာ ရောက်စေ။

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သောင်းညွှန့်
ခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မစမ်းသီတာ[၁၂/လသန(နိုင်)၀၀၆၆၀၁]အား လွန်ခဲ့သော (၁၅)နှစ်ခန့်ကပင် အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ပြီး အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ထား ခဲ့ပြီး ဖြစ်ပါသည်။

၎င်းနှင့်ပတ်သက်သော ကောင်းကျိုး၊ ဆိုးကျိုးများကို မိဘများမှ လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ထပ်မံကြေညာအပ်ပါသည်။

ဦးကျော်မိုး[၁၂/ပဘတ(နိုင်)၀၀၅၅၁၆]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ မာဃလမ်း၊ တိုက်(၁၁)၊ အခန်း(၂၁)နေ ဦးထွန်းထွန်းဦး [၁၂/ဒဂန(နိုင်)၀၀၉၃၉၉] ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်(၄၁/A)ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်ရှိသည့်အနက်မှ (၆)လွှာ (ညာဘက်အခြမ်း)၊ (၁၅'×၆၀')ရှိ ဒေါ်အေးအေးမော် တစ်ဦး တည်းပိုင်ဆိုင်သည့်တိုက်ခန်းကို ဝယ်ယူရန်အတွက် ၂၃-၉-၂၀၁၀ ရက်က ငွေတချို့ပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ၃၀-၉-၂၀၁၀ ရက်မတိုင်မီ သက်ဆိုင်သော စာရွက် စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းသန့်ဇင်အောင်
LL.B,WIPO,DLP(Switzerland)
အထက်တန်းရှေ့နေ (စဉ်-၂၆၃၀၀)
အမှတ်(၈၃/၁၈)၊ ပန်းဆိုးတန်းလမ်းမကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၀၀၁၈၊ ၀၉-၅၁၅၀၄၀၃
tun.thantzinaung@gmail.com

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ဖြုတ်ညိုပိုးရန် ပူးပေါင်းတွန်းလှန်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - မောင်ဝ(စိုက်ပျိုးရေး) | အဆင်အပြင် - နိုင်လင်းကြည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနတို့ ပူးပေါင်း၍ Workshop on Rice IPM Pilot Project for Rice Hopper in Myanmar ကို စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်နေ့များတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနဝင်းအတွင်း ကျင်းပခဲ့ရာ စာရေးသူလည်း တက်ရောက်လေ့လာခွင့်ရခဲ့သည်။ ဆွေးနွေးပွဲမှ ဆွေးနွေးခဲ့သည့် ဖြုတ်ညိုပိုးအကြောင်း သိရှိနိုင်ရန်နှင့် ကာကွယ်နှိမ်နင်းနည်းများကို ရေးသားတင်ပြလိုက်ပါသည်။

ဖြုတ်ညိုပိုးဟုခေါ်ဆိုလိုက်သဖြင့် လူတို့နှင့် နီးစပ်သည့် ပိုးကောင်ငယ်တစ်မျိုးအဖြစ် သိကြမည်ဖြစ်သည်။ ဖြုတ်ပိုးကို လူတို့၏အိမ်များတွင်လည်းကောင်း၊ နွားမွေးမြူသူများ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**☆

အန္တာတိကဒေသရှိ ဩစတြေးလျ သိပ္ပံသုတေသနစခန်းဖြစ်သော ဒေးဗစ်စခန်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဝင်ရိုးစွန်းသုတေသနအင်တာနက်သတင်း | ဘာသာပြန် - တက်လူ

တိမ်တိုက်များ၏ အပူချိန်ကို တိုင်းတာရန် အန္တာတိကဒေသ၌ လေဆာကိရိယာတပ်ဆင်မည်

ကင်ဘာရာ စက်တင်ဘာ ၂၇

ဩစတြေးလျသိပ္ပံပညာရှင်များသည် တိမ်တိုက်များ၏ အပူချိန်ကို တိုင်းတာနိုင်ရန် အလွန်ကြီးမားလှသော လေဆာကိရိယာတစ်ခုကို အသုံးပြုမည်ဖြစ်ကြောင်း သိပ္ပံသတင်းရပ်ကွက်က စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

တောင်ဝင်ရိုးစွန်းအန္တာတိကဒေသရှိ သိပ္ပံလေ့လာရေးစခန်း၌ အဆိုပါ လေဆာကိရိယာကို တပ်ဆင်ထားရှိမည်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် ကမ္ဘာမြေမျက်နှာပြင်အထက် ကီလိုမီတာ ၁၀၀ နီးပါး အကွာအဝေးအတွင်း ဖွဲ့စည်းနေသော တိမ်တိုက်များ၏ အပူချိန်ကို လေ့လာတိုင်းတာမည်ဖြစ်သည်။

ဩစတြေးလျ အန္တာတိကဒေသ လေ့လာရေးဌာန၏ စီမံခန့်ခွဲမှုအောက်ရှိ ဒေးဗစ်စခန်းသည် တောင်ဝင်ရိုးစွန်းဒေသကို လေ့လာနိုင်ရန် အမြဲတမ်းဖွင့်လှစ်ထားသော **စာမျက်နှာ ၁၁ ကော်လံ ၆ သို့**❖

ကယန်း အမျိုးသားပါတီမှ ဘဏ္ဍာရေးမှူး ဦးကလိမင်းနိုင်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၄)နှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီမှ ဥက္ကဋ္ဌ ဦးအေးကြိုင်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

စပ်မျိုးစပါး၌ ဖြုတ်ညိုပိုးကြောင့် ဗိုင်းရပ်စ်ရောဂါများဖြစ်သည့် မျက်စုပင်တိုရောဂါနှင့် ရွက်နားစုတ်ပင်တိုရောဂါ ကျရောက်နေသည်ကို တွေ့ရစဉ်။